အမျိုးသားလွှတ်တော်ရုံး

သုတေသနပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး

သုတေသနစာတမ်းတိုအမှတ် (၄၃)




# ICCPRစာချုပ်ဆိုင်ရာသိကောင်းစရာများ




ရေးသားပြုစုသူ-ဒေါ်ခိုင်ဝေနိုင်(LL.M)

ရက်စွဲ၊ ၂၀၁၉ခုနှစ်နိုဝင်ဘာလ၁ရက်

ဤစာတမ်းတိုနှင့်ပတ်သက်၍သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင်ဖော်ပြထားပါသည်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အကျဉ်းချုပ် | ၁ |
| ၂။ | နိဒါန်း | ၁ |
| ၃။ | ICCPR သဘောတူစာချုပ် | ၂ |
| ၄။ | ICCPRစာချုပ်၏သမိုင်းကြောင်း | ၄ |
| ၅။ | စာချုပ်၏ရည်ရွယ်ချက် | ၅ |
| ၆။ | ICCPRစာချုပ်တွင်ပါဝင်သည့်အချက်များ | ၆ |
| ၇။ | ICCPRနှင့်လူ့အခွင့်အရေးကော်မတီ၏အခန်းကဏ္ဍ | ၁၀ |
| ၈။ | မြန်မာနိုင်ငံမှလက်မှတ်ရေးထိုးထားသည့် လူ့အခွင့်အရေးဆိုင်ရာပဋိညာဉ် စာချုပ်များ | ၁၁ |
| ၉။ | စာချုပ်ဝင်နိုင်ငံအဖြစ်လုပ်ဆောင်နိုင်သည့်အဆင့်များ | ၁၂ |
| ၁၀။ | စာချုပ်အတည်ပြုလက်မှတ်ထိုးခြင်း (Ratification) နှင့် (Accession) ခြားနားချက် | ၁၂ |
| ၁၁။ | ICCPRစာချုပ်အား ပဏာမလက်မှတ်သာရေးထိုးထားသည့်နိုင်ငံများ(Only Signing) | ၁၃ |
| ၁၂။ | ICCPRစာချုပ်အား လက်မှတ်ရေးထိုးထားခြင်းမရှိသောနိုင်ငံများ | ၁၃ |
| ၁၃။ | ICCPRစာချုပ်နှင့် ASEAN နိုင်ငံများ | ၁၄ |
| ၁၄။ | ICCPRစာချုပ်အား ခြွင်းချက်ပြုလက်မှတ်ရေးထိုးထားသည့်နိုင်ငံများ (Reservation) | ၁၅ |
| ၁၅။ | မြန်မာနိုင်ငံနှင့် ICCPR | ၁၆ |
| ၁၆။ | ICCPRစာချုပ်နှင့်ပတ်သက်၍လွှတ်တော်တွင်းဆွေးနွေးမှုများ | ၁၇ |

၁၇။ ICCPRစာချုပ်လက်မှတ်ရေးထိုးရေးအဆိုအား ထောက်ခံဆွေးနွေးမှုများ ၁၈

၁၈။ ICCPRစာချုပ်လက်မှတ်ရေးထိုးရေးအဆိုအား ဝေဖန်ထောက်ပြဆွေးနွေးမှုများ ၂၁

၁၉။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း ၂၇

၂၀။ ပညာရှင်တစ်ဦး၏ ICCPRစာချုပ်အပေါ်သုံးသပ်ချက် ၂၉

၂၁။ ဝေဖန်သူများစိုးရိမ်နေသည့် ICCPRစာချုပ်အပိုဒ်(၂၄)၏အဓိပ္ပာယ်ဖွင့်ဆိုချက် ၃၂

၂၂။ နိဂုံး ၃၃

## (ICCPR)သဘောတူစာချုပ်ဆိုင်ရာသိကောင်းစရာများ

## အကျဉ်းချုပ်

ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံ၏နိုင်ငံရေးပုံရိပ်ကောင်း ပြသနိုင်ရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီစံနှုန်းမြင့်တင်နိုင်ရေးအတွက်လည်းကောင်း၊ လူ့အခွင့်အရေးကိုလေးစားလိုက်နာသည့် နိုင်ငံအဖြစ်ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ရေးအတွက်လည်းကောင်း လူ့အခွင့်အရေးဆိုင်ရာစာချုပ်များကိုချုပ်ဆိုခဲ့ကြပါသည်။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်(၉)ခုအနက် International Covenant on Civil and Political Rights (ICCPR)စာချုပ်သည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများအား အကာအကွယ်ပေးသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ရေးဆွဲချုပ်ဆိုထားသည့် သဘောတူညီချက်စာချုပ်တစ်ခုဖြစ်ပါသည်။ (ICCPR)စာချုပ်တွင် စာချုပ်ဝင်နိုင်ငံပေါင်း(၁၇၂) နိုင်ငံရှိသော်လည်း လူမျိုးရေးပြဿနာရှုပ်ထွေးသည့်နိုင်ငံများသည် စာချုပ်ဝင်နိုင်ငံအဖြစ်ဝင်ရောက်နိုင်ခြင်းမရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ဤစာတမ်းတိုတွင် (ICCPR)စာချုပ်ပါအကြောင်းအရာများ၊ လူ့အခွင့်အရေးကော်မတီ၏အခန်းကဏ္ဍ၊ စာချုပ်ဝင်နိုင်ငံများဆိုင်ရာအချက်အလက်များနှင့် မြန်မာနိုင်ငံမှ (ICCPR)စာချုပ်အားလက်မှတ်ရေးထိုးရန် လွှတ်တော်တွင်းဆွေးနွေးမှုများအပါအဝင် လေ့လာတွေ့ရှိချက်များအား စုစည်းတင်ပြထားပါသည်။

**နိဒါန်း**

၁။ နိုင်ငံတကာစာချုပ်တစ်ရပ်ချုပ်ဆိုခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ကြီးမားခိုင်မြဲသည့် ကတိကဝတ်ပြုခြင်းဖြစ်ပါသည်။ နိုင်ငံတကာစာချုပ်များကို နှစ်နိုင်ငံ၊ နှစ်နိုင်ငံနှင့်အထက်၊ သို့မဟုတ် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများပါဝင်ချုပ်ဆိုနိုင်ပြီး ပါဝင်သူများသည် စာချုပ်ပါအချက်များကိုလိုက်နာဆောင်ရွက်ရန်သဘောတူသည့် ကတိကဝတ်များဖြစ်ကြပါသည်။ ဆိုလိုသည်မှာ စာချုပ်ပါအချက်များကိုလိုက်နာပါမည်၊ မလိုက်နာပါက စာချုပ်တွင်ဖော်ပြထားသည့်အတိုင်း အရေးယူခြင်းကိုခံယူပါမည်ဟု ကတိကဝတ်ပြုခြင်းပင်ဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင် နိုင်ငံများသည် နိုင်ငံတကာစာချုပ်များတွင် လွတ်လပ်စွာပါဝင်ချုပ်ဆိုပိုင်ခွင့် အခွင့်အရေးများရှိကြ

ပါသည်။ ကမ္ဘာစစ်များထပ်မံမဖြစ်ပေါ်စေရေး၊ နိုင်ငံအချင်းချင်းချစ်ကြည်စွာ ဆက်ဆံရေးတိုးမြှင့်နိုင်ရေးနှင့် လူသားအချင်းချင်းတန်းတူညီမျှအခွင့်အရေးများ ရရှိနိုင်ရေးအတွက် နိုင်ငံတကာ စာချုပ်များကိုချုပ်ဆိုကြပါသည်။ စစ်အေးကာလနောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံများသည် ယဉ်ကျေးသည့်နိုင်ငံ၊ လူ့အခွင့်အရေးကိုလေးစားသည့်၊ ကာကွယ်စောင့်ရှောက်သည့်နိုင်ငံအဖြစ် နိုင်ငံရေးပုံရိပ်ကောင်းပြသနိုင်ရေးအတွက် လူ့အခွင့်အရေးစာချုပ်များကိုလက်မှတ်ရေးထိုးကာ စာချုပ်ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ကြပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည်လည်း လူ့အခွင့်အရေးကိုအလေးထားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်လျက်ရှိရာ မိမိနိုင်ငံ၏နိုင်ငံရေးပုံရိပ်ကောင်းပြသနိုင်ရေးအတွက် (ICCPR)စာချုပ်အား လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ သို့သော် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေနှင့် လူမျိုးရေးပဋိပက္ခများသည် (ICCPR)စာချုပ်သို့ လက်မှတ်ရေးထိုးရန် စိန်ခေါ်မှုများဖြစ်ပေါ်နိုင်ကြောင်း ဝေဖန်ထောက်ပြပြောဆိုမှုများကိုလည်း လေ့လာတွေ့ရှိရပါသည်။

**ICCPR သဘောတူစာချုပ်**[1]/[2]

၂။ International Covenant on Civil and Political Rights (ICCPR) သဘောတူစာချုပ်ဆိုသည်မှာ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာအခွင့်အရေးများအား အကာအကွယ်ပေးရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ရေးဆွဲချုပ်ဆိုထားသည့် သဘောတူညီချက်စာချုပ်တစ်ခုဖြစ်ပါသည်။

၃။ အဆိုပါသဘောတူစာချုပ်အား ကုလသမဂ္ဂအထွေထွေညီလာခံမှ ၁၉၆၆ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၇၆ခုနှစ်၊ မတ်လ(၂၃)ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံပေါင်း(၁၇၂)နိုင်ငံရှိပြီး ပဏာမလက်မှတ်ရေးထိုးထားသည့်နိုင်ငံ (၆) နိုင်ငံနှင့် အဖွဲ့ဝင်အဖြစ်လက်မှတ်ရေးထိုးထားခြင်းမရှိသည့် နိုင်ငံ(၁၉)နိုင်ငံရှိပါသည်။ ထို(၁၉)နိုင်ငံ

---

[1] https://ccla.org/summary-international-covenant-on-civil-and-political-rights-iccpr/

[2] https://www.ohchr.org/en/professionalinterest/pages/ccpr.aspx

ထဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် မြန်မာ၊ စင်ကာပူ၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့ ပါဝင်ပါသည်။

၄။ (ICCPR)စာချုပ်တွင် အခန်း(၆)ခန်းခွဲထားပြီး အပိုဒ်ပေါင်း(၅၃)ပိုဒ်နှင့် နောက်ဆက်တွဲစာချုပ်(Optional Protocol)နှစ်ခု ပါဝင်ပါသည်။ အပိုဒ်(၁)သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်ပြီး အပိုဒ်(၂)မှအပိုဒ်(၅)အထိသည် မူဝါဒများဖြစ်ပါသည်။ အပိုဒ်(၆)မှအပိုဒ်(၂၇)အထိသည် ကဏ္ဍများအလိုက် လူ့အခွင့်အရေးများအပေါ် ကာကွယ်စောင့်ရှောက်ပေးရန် သဘောတူညီချက်များ ပြဋ္ဌာန်းထားပြီး အပိုဒ်(၂၈)မှ(၅၃)သည် စာချုပ်ပါအဖွဲ့ဝင်နိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် လူ့အခွင့်အရေးကော်မတီ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များပါဝင်ပါသည်။

၅။ နောက်ဆက်တွဲစာချုပ်(၁)တွင် လူ့အခွင့်အရေးချိုးဖောက်ခံရသည့်ဒုက္ခသည်များ၏ တောင်းဆိုမှုများကို ကြားနာဖြည့်ဆည်းပေးရန်နှင့် အဆိုပါဒုက္ခသည်များနှင့်ဆက်သွယ်၍ ၄င်းတို့၏ တရားမျှတမှုအတွက်ဆောင်ရွက်ပေးရန် လူ့အခွင့်အရေးကော်မတီ၏လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ထိုနောက်ဆက်တွဲစာချုပ်(၁)တွင် အဖွဲ့ဝင်နိုင်ငံ(၁၁၅)နိုင်ငံပါဝင်ပြီး လက်ရှိတွင် (၃၅)နိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားပါသည်။

၆။ နောက်ဆက်တွဲစာချုပ်(၂)တွင် သေဒဏ်ပေးမှုကိုပယ်ဖျက်ပေးရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ အဆိုပါစာချုပ်သည် ၁၉၉၁ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်နေ့တွင် အာဏာသက်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံ(၈၁)နိုင်ငံပါဝင်ကာ လက်ရှိတွင်(၃၇)နိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားပါသည်။

၇။ စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICESCR)၊ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ (ICCPR)နှင့် ယင်း၏နောက်ဆက်တွဲစာချုပ်(၂)ခုတို့သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ (International Bill of Rights)အဖြစ် အပြန်အလှန်ဆက်စပ်လျက်ရှိကြပါသည်။

## ICCPRစာချုပ်၏သမိုင်းကြောင်း[3]/[4]

၈။ ICCPRသည် လူ့အခွင့်အရေးကြေညာစာတမ်းပါလုပ်ငန်းစဉ်များအတိုင်း မြစ်ဖျားခံပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ၁၉၄၅ခုနှစ်၊ ဆန်ဖရန်စစ္စကိုမြို့တွင်ပြုလုပ်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂညီလာခံတွင်တင်သွင်းခဲ့သည့် လူ့အခွင့်အရေးကြေညာစာတမ်း (Declaration on the Essential Rights of Man) အရ ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီအား မူကြမ်းရေးဆွဲရန်တာဝန်ပေးအပ်ခဲ့ပါသည်။

၉။ မူကြမ်းရေးဆွဲရေးကနဦးလုပ်ငန်းစဉ်တွင် လူ့အခွင့်အရေးဆိုင်ရာ(၄)ခုမြောက် အခြေခံစည်းမျဉ်းများအပေါ်အခြေခံသည့် ကြေညာစာတမ်းတစ်ခုအဖြစ်ကွဲထွက်လာခဲ့ပြီး သဘောတူညီမှုတစ်ရပ်တွင် စည်းနှောင်အားရှိသည့် ကတိကဝတ်များပါဝင်လာသည်။ မူကြမ်းရေးဆွဲသည့်ကာလတွင်ပင် နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာအခွင့်အရေးများအပေါ်ဆန့်ကျင်မှုနှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများအပေါ်ထောက်ခံမှုတို့အကြား အားပြိုင်မှုများဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ကြောင့် သဘောတူညီချက်မူကြမ်းနှစ်ပိုင်းကွဲခဲ့သည်။ သို့ရာတွင် အဆိုပါသဘောတူညီချက်နှစ်ရပ်လုံးတွင် တူညီသောပြဋ္ဌာန်းချက်များစွာပါဝင်နေပြီး "လူတိုင်းကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်" ဆိုသည့်အပိုဒ်(၁)သည် သဘောတူညီချက်နှစ်ရပ်စလုံးတွင် ပါဝင်ခဲ့ပါသည်။

၁၀။ အဆိုပါသဘောတူညီချက်(၂)ရပ်၏မူကြမ်းများကို ၁၉၅၄ခုနှစ်တွင်ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တင်သွင်းခဲ့ပြီး ၁၉၆၆ခုနှစ်တွင် သဘောတူညီချက်ရရှိခဲ့သည်။

၁၁။ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (ICCPR) မချုပ်ဆိုမီ မရှေးမနှောင်းမှာပင် သံတမန်ဆိုင်ရာညှိနှိုင်းမှု၏ရလဒ်တစ်ခုအနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICESCR)ကို သဘောတူ

---

3 https://en.wikipedia.org/wiki/International_Covenant_on_Civil_and_Political_Rights

4 https://www.ohchr.org/EN/UDHR/Pages/UDHRIndex.aspx

အတည်ပြုခဲ့ကြသည်။ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)နှင့်အတူ အဆိုပါသဘောတူ စာချုပ်နှစ်ရပ်တို့သည် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလိုက်နာကျင့်သုံးမှုစနစ်၏ အခြေခံများ ဖြစ်လာခဲ့သည်။

၁၂။ အချုပ်အားဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ခုနှစ်၊ ဒီဇင်ဘာလ(၁၀) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက်(၂၁၇)ချက်ဖြင့်ချမှတ်ခဲ့ပါသည်။ ထိုကြေညာစာတမ်းသည် အရပ်ဘက်နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အုပ်စုလိုက်အခွင့် အရေးများပါဝင်သည့် ကြေညာစာတမ်းတစ်ခုမျှသာဖြစ်၍ ဥပဒေကဲ့သို့ စည်းနှောင်မှုမရှိပါ။ ထို့ကြောင့် အဆိုပါကြေညာစာတမ်းကို ဥပဒေကဲ့သို့အာဏာတည်သည့် စာချုပ်များဖြစ်လာစေ ရန် ကြိုးပမ်းအားထုတ်မှုများပြုလုပ်ခဲ့ကြရာမှ ယခု(ICCPR)စာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်(ICESCR)စာချုပ်နှစ်ခု ပေါ်ပေါက်လာ ခဲ့ခြင်းဖြစ်ပါသည်။

## စာချုပ်၏ရည်ရွယ်ချက်

၁၃။ ICCPR သဘောတူစာချုပ်၏ရည်ရွယ်ချက်မှာ လူသားတစ်ဦးချင်းဆီ၏ မွေးရာပါဂုဏ် သိက္ခာများကိုအသိအမှတ်ပြုပြီး နိုင်ငံသားများနှင့်နိုင်ငံရေးဆိုင်ရာအခွင့်အရေးများရရှိစေရေး အတွက် နိုင်ငံများအကြား တိုးတက်မှုအခြေအနေများအပေါ် တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ် ပါသည်။

၁၄။ စာချုပ်ဝင်အဖွဲ့ဝင်နိုင်ငံများသည် အခြေခံကျဆုံးလူ့အခွင့်အရေးများကို ကာကွယ်စောင့် ရှောက်ပေးရန်တာဝန်ရှိပြီး သဘောတူစာချုပ်၏အနှစ်သာရဖြစ်သည့် လူ့အခွင့်အရေးများကို ကာကွယ် ပေးရန်အလို့ငှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများကို လှုံ့ဆော်တိုက်တွန်း ပေးရမည်ဖြစ်ပြီး ထိရောက်သည့်ကုစားမှုများဖြင့် အထောက်အကူပေးရမည်ဖြစ်သည်။[5]

---

5 https://ccla.org/summary-international-covenant-on-civil-and-political-rights-iccpr/

## ICCPR စာချုပ်တွင်ပါဝင်သည့်အချက်များ

၁၅။ ICCPRစာချုပ်တွင် အခန်း(၆)ခန်းပါရှိပြီး အခန်းများအလိုက်သတ်မှတ်ပြဋ္ဌာန်းထားသည့် အပိုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အခန်း(၁) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွင် အပိုဒ်(၁)အဖြစ် " ပြည်သူတို့၏ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို အာမခံပေးရမည်"ဟု ပါရှိပါသည်။

(ခ) အခန်း(၂) စာချုပ်နှင့်သက်ဆိုင်သည့်နယ်မြေ၏ အပိုဒ်(၂)တွင် စာချုပ်ဝင်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတိုင်းပြည်၏ အချုပ်အခြာအာဏာစိုးမိုးမှုအောက်တွင်ရှိသော မည်သည့်လူတစ်ဦးချင်းကိုမဆို စာချုပ်ပါအခွင့်အရေးများကိုလေးစားပြီး ရရှိခံစားနိုင်အောင် လုပ်ဆောင်ပေးရမည်။ မည်သူ့အပေါ်မှ မည်သည့်အကြောင်းကြောင်းကြောင့် ခွဲခြားဆက်ဆံခြင်းမရှိစေရဘဲ အခွင့်အရေးချိုးဖောက်ခံရသူများအားလုံးကို ထိရောက်သောကုစားမှုများပေးရမည်။

(ဂ) အပိုဒ်(၃)တွင် စာချုပ်တွင်ပါဝင်သည့် အခွင့်အရေးများကို ကျားမတန်းတူရရှိခံစားနိုင်ရန် ဖော်ပြထားသည်။

(ဃ) အပိုဒ်(၄)တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အချို့သောခြွင်းချက်အခြေအနေမျိုးတွင် စာချုပ်ပါအခွင့်အရေးတစ်ချို့ကို ကန့်သတ်မှုများရှိနိုင်ပါသည်။ သို့သော် အပိုဒ် ၆၊၇၊၈(အပိုဒ်ခွဲ ၁၊၂)၊ ၁၁၊ ၁၅၊ ၁၆နှင့် ၁၈တို့ကို ခြွင်းချက်ထားကန့်သတ်၍ မရချေ။ တိုင်းပြည်အတွင်းရေးအပေါ် အခြေအနေတစ်ခုကြုံတွေ့ရပြီး တရားဝင်ထုတ်ပြန်ကြေညာမှုများလုပ်ဆောင်ရပါက စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ယခုစာချုပ်တွင်ပါဝင်သည့် တာဝန်ဝတ္တရားအချို့ကို လက်ရှိအခြေအနေပေါ်မူတည်၍ မဖြစ်မနေလိုအပ်သည့်အခြေအနေမျိုးဖြစ်ပါက ကန့်သတ်ကောင်းကန့်သတ်နိုင်သည်။ သို့ရာတွင် ထိုကန့်သတ်မှုသည် တစ်ခြားသောနိုင်ငံတကာဥပဒေများ အောက်တွင်ရှိသော တာဝန်ရှိမှုများနှင့် ကွဲလွဲမှုမရှိစေရန်လိုအပ်ပြီး ထိုသို့လုပ်ဆောင်မှုသည်

အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာနှင့် လူမှုဇစ်မြစ်များနှင့်ပတ်သက်၍ ခွဲခြားဖိနှိပ်မှုများမဖြစ်စေရဟု ဖော်ပြထားပါသည်။[6]

(င) အပိုဒ်(၅)တွင် စာချုပ်အဖွဲ့ဝင် မည်သည့်နိုင်ငံဖြစ်စေ၊ မည်သည့်အဖွဲ့အစည်းဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ တခြားသူတစ်ဦး၏အခွင့်အရေးများကို ချိုးဖောက်ကန့်သတ်ရန် ဤစာချုပ်ကိုအလွဲသုံးစားမပြုရ ဟုဖော်ပြထားပါသည်။

(စ) အခန်း(၃) လူတစ်ဦးတစ်ယောက်ချင်း၏အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှု၏ အပိုဒ်(၆)တွင် သေဒဏ်ပေးခံရသူများအပါအဝင် လူသားတိုင်း၏အသက်ရှင်ခွင့်ကို ကာကွယ်ပေးရမည်။ သေဒဏ်ပေးမှုကို အဆိုးဝါးဆုံးကျူးလွန်သည့်အခြေအနေမျိုးတွင်သာ တရားဥပဒေအရကျင့်သုံးရမည်။

(ဆ) အပိုဒ်(၇)တွင် နှိပ်စက်ညှဉ်းပန်းခြင်း၊ လူသားမဆန်စွာဆက်ဆံမှုနှင့် ဂုဏ်သိက္ခာနိမ့်ကျစေသော အပြစ်ပေးမှုများအားလုံးကိုတားမြစ်သည်။ ထို့အပြင် တရားဝင်ခွင့်ပြုထားခြင်းမရှိသော ဆေးဝါးစမ်းသပ်မှုများကိုလည်းတားမြစ်သည်။

(ဇ) အပိုဒ်(၈)တွင် ကျွန်ပြုခြင်း၊ ကျွန်အဖြစ်ရောင်းဝယ်ခြင်း၊ ချုပ်နှောင်ခြင်းနှင့် နည်းမျိုးစုံဖြင့် အဓမ္မစေခိုင်းခြင်းများအားလုံးကိုတားမြစ်သည်။

(ဈ) အပိုဒ်(၉)တွင် ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် တရားမဝင်ချုပ်နှောင်ခြင်းကို တားမြစ်သည်။

(ည) အပိုဒ်(၁၀)တွင် လွတ်လပ်မှုရုတ်သိမ်းခံရသူများအား သင့်လျော်သည့် ထိန်းသိမ်းရေးစခန်းအခြေအနေများဖြင့် ကာကွယ်ပေးရမည်။

(ဋ) အပိုဒ်(၁၁)တွင် စာချုပ်စာတမ်းပျက်ကွက်ခြင်းကြောင့် ထောင်ချအရေးယူခြင်းကို တားမြစ်သည်။

6 https://equalitymyanmar.org/book/archives/2464

(ဌ) အပိုဒ်(၁၂)တွင် နိုင်ငံအတွင်း တရားဝင်နေထိုင်သူများအား နိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့်နှင့် နိုင်ငံမှထွက်ခွာခွင့်တို့ကို ကာကွယ်ပေးရမည်။

(ဍ) အပိုဒ်(၁၃)တွင် နိုင်ငံအတွင်းတရားဝင်နေထိုင်သောနိုင်ငံခြားသားများကို အခြေအနေအတိုင်းအတာတစ်ခုအထိ နေထိုင်ခွင့်ပြုရမည်။

(ဎ) အပိုဒ်(၁၄)တွင် ရာဇဝတ်မှုဖြစ်စေ၊ တရားမမှုဖြစ်စေ အမှုရင်ဆိုင်နေသူတိုင်းအား မျှတသောတရားစီရင်ခွင့်ရှိစေရန် ကာကွယ်ပေးရမည်။ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု၊ တရားရုံးရှေ့တွင်မှန်ကန်စွာကြားနာမှုနှင့် ရာဇဝတ်ဆိုင်ရာအမှုများအတွက် သက်ဆိုင်သည့်ကာကွယ်ပေးမှုများ ခံစားနိုင်မှုရရှိအောင် လုပ်ဆောင်ပေးရမည်။

(ဏ) အပိုဒ်(၁၅)တွင် နောက်ကြောင်းပြန်ဥပဒေထုတ်ပြန်၍ တရားစွဲဆိုခြင်းကိုတားမြစ်သည်။

(တ) အပိုဒ်(၁၆)တွင် လူတိုင်းတရားဥပဒေရှေ့မှောက်တွင် လူသားကဲ့သို့ အသိအမှတ်ပြုဆက်ဆံခံပိုင်ခွင့်ရှိရမည်။

(ထ) အပိုဒ်(၁၇)တွင် လူတိုင်း၏ ပုဂ္ဂလိကလွတ်လပ်မှုကို ကာကွယ်ပေးခွင့်ရှိရမည်။

(ဒ) အပိုဒ်(၁၈)တွင်လူတိုင်းလွတ်လပ်စွာတွေးခေါ်စဉ်းစားခွင့်၊ ယုံကြည်၊ ကိုးကွယ်ခွင့်နှင့် ဘာသာကူးပြောင်းခွင့်ရှိရမည်။

(ဓ) အပိုဒ်(၁၉)တွင် လူတိုင်းလွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းများရရှိပိုင်ခွင့်ရှိရမည်။

(န) အပိုဒ်(၂၀)တွင် စစ်ပွဲများအတွက် လှုံ့ဆော်ခြင်းများ၊ နိုင်ငံရေး၊ လူမှုရေးနှင့် ဘာသာရေးအမုန်းတရား လှုံ့ဆော်ဟောပြောမှုကိုတားမြစ်သည်။

(ပ) အပိုဒ်(၂၁)တွင် လွတ်လပ်စွာစုဝေးခွင့်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

(ဖ) အပိုဒ်(၂၂)တွင် အလုပ်သမားသမဂ္ဂများဖွဲ့စည်းခွင့်၊ ပါဝင်ခွင့်အပါအဝင် လူတိုင်း၏ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

(ဗ) အပိုဒ် (၂၃)တွင် မိသားစုကို လူမှုအသိုင်းအဝိုင်း၏အခြေခံကျသော အစိတ်အပိုင်း တစ်ခုအဖြစ်သတ်မှတ်ပြီး အမျိုးသားနှင့်အမျိုးသမီးတို့လက်ထပ်ခွင့်၊ အတင်းအကြပ် လက်ထပ်ပေးခြင်းကို တားမြစ်ခွင့်၊ လက်ထပ်ချိန်၊ ပေါင်းသင်းချိန်နှင့် ကွာရှင်းချိန် တွင် လင်မယားအကြား တန်းတူအခွင့်အရေးရရှိအောင် အာမခံပေးခြင်းဖြစ်သည်။

(ဘ) အပိုဒ်(၂၄)တွင် ကလေးတိုင်းကို မွေးစာရင်းရရှိခွင့်အပါအဝင် တန်းတူဆက်ဆံခွင့် များပါဝင်သည်။

(မ) အပိုဒ်(၂၅)တွင် နိုင်ငံသားတိုင်းမဲပေးခွင့်၊ အချိန်မှန်မှန်ကျင်းပပြီး စစ်မှန်သော ရွေးကောက်ပွဲများတွင် ရွေးချယ်ခံပိုင်ခွင့်နှင့် လျှို့ဝှက်မဲစနစ်ဖြင့် လူတိုင်းမဲပေးနိုင်ခွင့်၊ နိုင်ငံတော်၏ အများဆိုင်ရာရုံးများအား အများနှင့်တန်းတူလက်လှမ်းမှီနိုင်စေခြင်း။

(ယ) အပိုဒ်(၂၆)တွင် လူတိုင်းတရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှဖြစ်ရမည်၊ ခွဲခြားဆက်ဆံမှုမှန်သမျှကို ထိရောက်သောတန်းတူကာကွယ်ပေးမှုများ အာမခံ ပေးခြင်းများပါရှိသည်။

(ရ) အပိုဒ်(၂၇)တွင် တိုင်းရင်းသား၊ ဘာသာရေးနှင့်ဘာသာစကားအလိုက် လူနည်းစု များ၏ ပုဂ္ဂလိကကိုယ်ပိုင်ပစ္စည်းများကိုကာကွယ်ပေးရန်နှင့် အခြားအုပ်စုဝင်များရှိ နေသော ရပ်ရွာအတွင်း မိမိတို့၏ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကားတို့ကို ကျင့်သုံးခွင့်ရရှိစေခြင်းများပါဝင်သည်။

(လ) အခန်း(၄) လူ့အခွင့်အရေးကော်မတီကို ထူထောင်ခြင်းနှင့်လည်ပတ်ခြင်း၏ အပိုဒ် (၂၈) မှ (၄၅)တို့တွင် စာချုပ်ကိုစောင့်ကြပ်သည့် လူ့အခွင့်အရေးကော်မတီ ဖွဲ့စည်းထားရှိမှုကိုဖော်ပြထားပြီး လုပ်ငန်းလည်ပတ်မှုနှင့် လုပ်ထုံးလုပ်နည်းများ ကိုဖော်ပြထားပါသည်။

(ဝ) အထွေထွေဆိုင်ရာအပိုဒ်များ၏ အပိုဒ်(၄၆)နှင့် (၄၇)တို့တွင် ကုလသမဂ္ဂပဋိညာဉ်ကို လေးစားမှုဆိုင်ရာအချက်များ၊ လူတိုင်းသဘာဝ၏ကြွယ်ဝချမ်းသာမှုနှင့် ရင်းမြစ်များကို လွတ်လပ်စွာရရှိခံစားခွင့်ရှိသည်ဆိုသော မွေးရာပါအခွင့်အရေးများကို ဖော်ပြထားပါသည်။

(သ) စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရန်အတွက် နည်းပညာဆိုင်ရာအဆင့်များ အပိုဒ်(၄၈)မှ(၅၃)တို့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးစာချုပ်များတွင် စာချုပ်အဖွဲ့ဝင်ဖြစ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များပြုလုပ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့နှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းပုံစံများကို ဖော်ပြထားပါသည်။ [7]

## ICCPRနှင့်လူ့အခွင့်အရေးကော်မတီ၏အခန်းကဏ္ဍ

၁၆။ ICCPR သဘောတူစာချုပ်သည် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ(UNHRC) ၏ အဖွဲ့စည်းတစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးကော်မတီ၏ စောင့်ကြည့်ထိန်းချုပ်မှုအောက်တွင်ရှိပြီး စာချုပ်ဝင်အဖွဲ့ဝင်နိုင်ငံများ၏လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုပုံမှန်အစီရင်ခံစာများအား ဝေဖန်ထောက်ပြမှုများပြုလုပ်နိုင်ပါသည်။ အဆိုပါကော်မတီတွင် လူ့အခွင့်အရေးဆိုင်ရာ လွတ်လပ်သောကျွမ်းကျင်ပညာရှင် (၁၈)ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ICCPRအဖွဲ့ဝင်နိုင်ငံများ၏လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ထိုကော်မတီ၏ အဖွဲ့ဝင်(၁၈)ဦးအား စာချုပ်ဝင်အဖွဲ့ဝင်နိုင်ငံများမှအဆိုပြုကာ (၄)နှစ်တစ်ကြိမ် ရွေးကောက်တာဝန်ပေးကြပါသည်။ စာချုပ်ဝင်နိုင်ငံများသည် အဖွဲ့ဝင်အဖြစ်လက်ခံပြီးတစ်နှစ်အတွင်း ပဏာမအစီရင်ခံစာတင်သွင်းရပြီးနောက် ကော်မတီအနေဖြင့် ပုံမှန်အားဖြင့် (၄)နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာတင်သွင်းရန် တောင်းခံလေ့ရှိသည်။ သာမန်အားဖြင့် ကော်မတီအစည်းအဝေးများအား ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ တစ်နှစ်လျှင်(၃)ကြိမ် ကျင်းပလေ့ရှိပါသည်။

---

[7] http://equalitymyanmar.org/book/wp-content/uploads/2015/03/Combined-Articles.pdf

၁၇။ ကော်မတီသည် စာချုပ်ဝင်အဖွဲ့ဝင်နိုင်ငံများ၏ အစီရင်ခံစာများအား လေ့လာခြင်း၊ အစိုးရများအပေါ်အကြံပြုချက်များထုတ်ပြန်ခြင်းနှင့် စာချုပ်ပါအပိုဒ်များနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းချက်များထုတ်ပြန်ခြင်းတို့ကိုလုပ်ဆောင်ပါသည်။ စာချုပ်တွင် အတည်ပြု လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် လက်မှတ်ရေးထိုးပြီးတစ်နှစ်အတွင်းတွင် စာချုပ်ပါ အခွင့်အရေးများနှင့်ပတ်သက်၍ အစိုးရ၏လုပ်ဆောင်ချက်များကို စာချုပ်ကော်မတီသို့တင်သွင်း ရမည်ဖြစ်ပါသည်။ အစီရင်ခံစာပါအချက်များနှင့်ပတ်သက်၍ ကော်မတီ၏မေးမြန်းချက်များကို သက်ဆိုင်ရာနိုင်ငံများမှ စာဖြင့်ဖြေကြားရမည်ဖြစ်ပါသည်။ ထို့နောက် ကော်မတီရှေ့မှောက်တွင် လာရောက်အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။ အစီရင်ခံစာနှင့်ပတ်သက်ပြီး ကော်မတီ၏အကြံပြု ချက်များကို သက်ဆိုင်ရာအစိုးရမှ မိမိနိုင်ငံအတွင်း ပြန်လည်အကောင်အထည်ဖော်လုပ်ဆောင် ပြီး ပြန်လည်အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။ [8]

## မြန်မာနိုင်ငံမှလက်မှတ်ရေးထိုးထားသည့် လူ့အခွင့်အရေးဆိုင်ရာပဋိညာဉ်စာချုပ်များ

၁၈။ လက်ရှိမြန်မာနိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးထားသည့် လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ်(၅)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘော တူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women – CEDAW)၊ [9]

(ခ) ကလေးသူငယ်များ၏အခွင့်အရေးဆိုင်ရာစာချုပ် (Convention on the Right of the Child – CRC)၊ [10]

(ဂ) ကလေးများအားပြည့်တန်ဆာအဖြစ် စေခိုင်းခြင်းနှင့် ရောင်းချခြင်းအားတားမြစ်သည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာနောက်ဆက်တွဲစာချုပ် (Optional Protocol to

---

8 https://www.aclu.org/other/faq-covenant-civil-political-rights-iccpr?redirect=faq-covenant-civil-political-rights-iccpr

၉ https://www.ohchr.org/en/professionalinterest/pages/cedaw.aspx

10 https://www.ohchr.org/en/professionalinterest/pages/crc.aspx

the Convention on the Rights of the Child on the sale of children, child prostitution and child pornography)၊ [11]

(ဃ) မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities)၊ [12]

(င) စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights)။ [13]

## စာချုပ်ဝင်နိုင်ငံအဖြစ်လုပ်ဆောင်နိုင်သည့်အဆင့်များ

၁၉။ စာချုပ်ဝင်နိုင်ငံအဖြစ်လုပ်ဆောင်နိုင်သည့်အဆင့်(၂)ဆင့်ရှိပါသည်။ (Signature or Sign) ပဏာမလက်မှတ်ရေးထိုးခြင်းနှင့် (Ratification or Ratify) အတည်ပြုလက်မှတ်ရေးထိုးခြင်းတို့ ဖြစ်ပါသည်။ ပဏာမလက်မှတ်ရေးထိုးခြင်းသည် မူအားဖြင့်လက်ခံကြောင်း လက်မှတ်ရေးထိုး ခြင်းဖြစ်ပြီး အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် မိမိနိုင်ငံဥပဒေများကို စာချုပ်ပါအချက်များ နှင့်အညီလုပ်ဆောင်မည်ဟု ကတိပြုထားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် စာချုပ်ပါအချက် အလက်များကို လိုက်နာပါမည်ဟု ကတိကဝတ်ပြုခြင်းပင်ဖြစ်ပါသည်။ [14]

## စာချုပ်အတည်ပြုလက်မှတ်ထိုးခြင်း (Ratification) နှင့် (Accession) ခြားနားချက်

၂၀။ နိုင်ငံတကာစာချုပ်များအား လက်မှတ်ထိုးပြီး စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရန်အတွက် နိုင်ငံများသည် စာချုပ်ကိုအတည်ပြုလက်မှတ်ထိုးခြင်း(Ratification) သို့မဟုတ် အဆင့်လိုက် မဟုတ်ဘဲ တစ်ခါတည်းလက်မှတ်ထိုးခြင်း (Accession) ကိုလုပ်ဆောင်နိုင်ပါသည်။ ထိုစကားလုံး နှစ်လုံးအကြားတွင် အဓိပ္ပာယ်ကွဲပြားမှုအနည်းငယ်ရှိပါသည်။ Ratification သည် အဆင့်နှစ်ဆင့်

---

[11] https://www.ohchr.org/EN/ProfessionalInterest/Pages/OPSCCRC.aspx

[12] https://www.un.org/development/desa/disabilities/convention-on-the-rights-of-persons-with-disabilities.html

[13] https://www.ohchr.org/en/professionalinterest/pages/cescr.aspx

[14] https://www.ohchr.org/en/professionalinterest/pages/ccpr.aspx

ဖြစ်ပြီး ပထမအဆင့်မှာ (Signature or Sign) ပဏာမလက်မှတ်ရေးထိုးခြင်းအဆင့်ဖြစ်ပါသည်။ Accessionတွင် အဆင့်တစ်ဆင့်သာရှိပါသည်။ သို့သော် မည်သည့်စကားလုံးသုံးသည်ဖြစ်စေ အဓိပ္ပာယ်မှာ စာချုပ်ကိုလက်မှတ်ထိုးခြင်းအားဖြင့် စာချုပ်ကိုလေးစားလိုက်နာမည်ဖြစ်ကြောင်း ထိုနိုင်ငံကသဘောတူလိုက်ခြင်းပင်ဖြစ်သည်။ [15]

**ICCPRစာချုပ်အား ပဏာမလက်မှတ်သာရေးထိုးထားသည့်နိုင်ငံများ (Only Signing)**

၂၁။ ICCPRစာချုပ်အား ပဏာမလက်မှတ်သာရေးထိုးထားသည့်နိုင်ငံ(၆)နိုင်ငံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တရုတ်နိုင်ငံ(China) (၁၉၉၈ခုနှစ်၊ အောက်တိုဘာလ ၅ရက်)၊

(ခ) ကိုမိုရိုနိုင်ငံ(Comoros) (၂၀၀၈ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်)၊

(ဂ) ကျူးဘားနိုင်ငံ (Cuba) (၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်)၊

(ဃ) နာအူရူးနိုင်ငံ (Nauru) (၂၀၀၁ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်)၊

(င) ပါလူအာနိုင်ငံ (Palau) (၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်)၊

(စ) စိန့်လူစီယာနိုင်ငံ (Saint Lucia) (၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်)။ [16]

**ICCPRစာချုပ်အား လက်မှတ်ရေးထိုးထားခြင်းမရှိသောနိုင်ငံများ** [17]

၂၂။ ICCPRစာချုပ်အား လက်မှတ်ရေးထိုးထားခြင်းမရှိသည့်နိုင်ငံ(၁၉)နိုင်ငံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အင်တီဂွာနှင့်ဘာဘူဒါ (Antigua and Barbuda)၊

(ခ) ဘူတန် (Bhutan)၊

(ဂ) ဘရူနိုင်း (Brunei)၊

(ဃ) ကွတ်ခ်ကျွန်းစု (Cook Islands)၊

---

15 https://www.ohchr.org/en/professionalinterest/pages/ccpr.aspx

16 https://en.wikipedia.org/wiki/International_Covenant_on_Civil_and_Political_Rights

17 https://en.wikipedia.org/wiki/International_Covenant_on_Civil_and_Political_Rights

(င)	ခရီဘာတီ (Kiribati)၊

(စ)	မလေးရှား (Malaysia)၊

(ဆ)	မိုင်ခရိုနီးရှား (Micronesia)၊

(ဇ)	နီယူး (Niue)၊

(ဈ)	မြန်မာ (Myanmar)၊

(ည)	အိုမန် (Oman)၊

(ဋ)	စိန့်ကစ်နှင့်နီးဗစ် (Saint Kitts and Nevis)၊

(ဌ)	ဆော်ဒီအာရေဗျ (Saudi Arabia)၊

(ဍ)	စင်ကာပူ (Singapore)၊

(ဎ)	ဆော်လမွန်အိုင်းစ်လန်း (Solomon Islands)၊

(ဏ)	တောင်ဆူဒန်(South Sudan)၊

(တ)	တွန်ဂါ (Tonga)၊

(ထ)	အာရပ်စော်ဘွားများပြည်ထောင်စု (United Arab Emirates)၊

(ဒ)	ဗာတီကန်စီးတီး (Vatican City)၊

(ဓ)	တူဗားလူ (Tuvalu)။

## ICCPRစာချုပ်နှင့် ASEAN နိုင်ငံများ[18]

၂၃။ အာဆီယံနိုင်ငံများတွင် ထိုင်း၊ အင်ဒိုနီးရှားနှင့် ဗီယမ်နမ်နိုင်ငံများသည် စာချုပ်အား ပဏာမလက်မှတ်ရေးထိုးခြင်း (Signing)မပြုလုပ်ဘဲ တစ်ခါတည်း အတည်ပြုလက်မှတ်ရေးခြင်း (Accession)ပြုလုပ်ခဲ့ပြီး စာချုပ်ဝင်နိုင်ငံများဖြစ်လာကြသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပဏာမ လက်မှတ်ရေးထိုးပြီး (၁၂)နှစ်၊ ဖိလစ်ပိုင်နိုင်ငံသည် နှစ်(၂၀)နှင့် လာအိုနိုင်ငံသည် (၉)နှစ်ကြာ အချိန်ယူလေ့လာပြီးမှ (Ratification) အတည်ပြုလက်မှတ်ရေးထိုးကာ စာချုပ်ဝင်နိုင်ငံများဖြစ်

[18] https://en.wikipedia.org/wiki/International_Covenant_on_Civil_and_Political_Rights#Parties_to_the_Covenant

လာခဲ့ကြပါသည်။ မလေးရှား၊ စင်ကာပူ၊ မြန်မာနှင့် ဘရူနိုင်းနိုင်ငံတို့သည် စာချုပ်အားလက်မှတ်ရေးထိုးထားခြင်းမရှိပေ။

**ICCPRစာချုပ်အား ခြွင်းချက်ပြုလက်မှတ်ရေးထိုးထားသည့်နိုင်ငံများ (Reservation)**

၂၄။ ပါကစ္စတန်နိုင်ငံသည် ICCPRစာချုပ်အားလက်မှတ်ရေးထိုးရာတွင် စာချုပ်ပါအပိုဒ်များသည် ၎င်းတို့နိုင်ငံ၏ဖွဲ့စည်းပုံဥပဒေနှင့်သော်လည်းကောင်း၊ Sharia Law နှင့်သော်လည်းကောင်း ဆန့်ကျင်ခြင်းမရှိသ၍ ၎င်းတို့လိုက်နာပါမည်ဆိုသည့်ခြွင်းချက်ပြုပြီး လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။

၂၅။ စာချုပ်၏အပိုဒ်(၄) အရေးပေါ်အခြေအနေတွင် ရပိုင်ခွင့်တချို့ကို အကန့်အသတ်ဖြင့်ကျင့်သုံးခြင်း၊ ကတိကဝတ်များနှင့် သွေဖည်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဆန့်ကျင်မှုမရှိစေရခြင်း၊ သွေဖည်ဆောင်ရွက်မည့်ပြဋ္ဌာန်းချက်များနှင့် အကြောင်းအရင်းများအား ကုလသမဂ္ဂမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများထံသို့ ချက်ခြင်းအကြောင်းကြားရခြင်း၊ သွေဖည်လုပ်ဆောင်မှုရပ်ဆိုင်းမည့်နေ့ရက်အား ဆက်လက်အကြောင်းကြားရခြင်းစသည့်ပြဋ္ဌာန်းချက်များအပေါ် ပြင်သစ်နိုင်ငံသည် Reservation တင်သွင်းထားပြီး အမေရိကန်နိုင်ငံသည် ၎င်းတို့ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းသာ ဆောင်ရွက်မည်ဟု Reservation ပြုလုပ်ထားသည်ကို တွေ့ရပါသည်။

၂၆။ စာချုပ်၏အပိုဒ်(၉)၊ အပိုဒ်ခွဲ(၅၀)နှင့် အပိုဒ်(၁၄)၊ အပိုဒ်ခွဲ(၆)တို့အရ တရားဥပဒေမဲ့ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ချမှတ်ခဲ့သည့်ပြစ်ဒဏ်ပြောင်းလဲမှုတို့အပေါ် တရားဥပဒေအရလျော်ကြေးရပိုင်ခွင့်နှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံက understanding၊ မက္ကဆီကိုနိုင်ငံက Interpretative Statementတွင်ထည့်သွင်းထားပြီး ဩစတြီးယား၊ ဘဟားမား၊ ဘီလီဇီနိုင်ငံများက ၎င်းအချက်အပေါ် အကောင်အထည်ဖော်ရာတွင် ပြဿနာများစွာရှိသည့်အတွက် Reservation များထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။

၂၇။ စာချုပ်၏အပိုဒ်၂၄၊ အပိုဒ်ခွဲ(၂)နှင့်(၃)တွင် ကလေးသူငယ်တိုင်းမွေးဖွားပြီးပြီးချင်း မွေးစာရင်းမှတ်ပုံတင်ခြင်း၊ နာမည်ပေးခြင်းနှင့် နိုင်ငံသားအဖြစ် ခံယူပိုင်ခွင့်ရှိကြောင်းပါရှိသဖြင့် ကလေးသူငယ်များ နိုင်ငံမဲ့မဖြစ်စေရန် ရည်ရွယ်ထားသော်လည်း မိမိတို့၏ပိုင်နက်နယ်မြေအတွင်း မွေးဖွားသည့်နိုင်ငံမဲ့ကလေးသူငယ်များအား နိုင်ငံသားဖြစ်ခွင့်ပေးရေးသည် နိုင်ငံများ၏ ယေဘုယျတာဝန်မရှိကြောင်း နိုင်ငံများစွာက သဘောထားမှတ်ချက်ပေးထားသည်ကို တွေ့ရှိရပါသည်။ အင်္ဂလန်နိုင်ငံသည် ၄င်းစာပိုဒ်များအား Reservation တင်သွင်းခဲ့ပြီး ယင်းကဲ့သို့ နိုင်ငံသားဖြစ်ခွင့်ဥပဒေမျိုး ပြဋ္ဌာန်းမည်မဟုတ်ကြောင်းတင်သွင်းခဲ့ပြီး လက်ရှိလည်းကျင့်သုံးလျက်ရှိသည်ကိုတွေ့ရှိရပါသည်။ [19]

## မြန်မာနိုင်ငံနှင့် ICCPR

၂၈။ မြန်မာနိုင်ငံသည် ICCPRစာချုပ်ကို လက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားများ၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးဆန္ဒရှိကြောင်းပြသနိုင်ရန်အတွက်လည်းကောင်း၊ ထို့အပြင် ၂၀၂၀ခုနှစ်တွင် တင်သွင်းရမည့် မြန်မာနိုင်ငံ ၏ Universal Periodic Review Report (UPR) တွင် လူ့အခွင့်အရေးဆိုင်ရာတိုးတက်မှုပြယုဂ်အဖြစ်ပြသနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံ၏ဂုဏ်သိက္ခာမြှင့်တင်ရန်အတွက်လည်းကောင်း စာချုပ်အား လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။[20]

၂၉။ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအကြိမ်(၄၀)မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံသည် ICCPRကိုလက်မှတ်ရေးထိုးရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

---

[19] ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ICCPRစာချုပ်အား လက်မှတ်ရေးထိုးရန်တိုက်တွန်းကြောင်းအဆိုမှ ဆွေးနွေးချက်များ(၁၀.၉.၂၀၁၉)

[20] https://www.globalnewlightofmyanmar.com/signing-iccpr-is-a-step-towards-building-democracy-with-human-dignity/

၃၀။ စာချုပ်ပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူများအားလုံး အပြည့်အဝနားလည်နိုင်စေရေးအတွက် တတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ခုနှစ်၊ ဇွန်လ(၅)ရက်နေ့မှ(၆)ရက်နေ့အထိ နေပြည်တော် Hilton ဟိုတယ်တွင်ကျင်းပပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြပါသည်။ ပြည်ထောင်စုအစိုးရသည် ICCPR စာချုပ်အား ယခုနှစ်မကုန်မီတွင် လက်မှတ်ရေးထိုးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ [21]

## ICCPRစာချုပ်နှင့်ပတ်သက်၍ လွှတ်တော်တွင်းဆွေးနွေးမှုများ

၃၁။ ၂၀၁၉ခုနှစ်၊ မေလ(၅)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်၊ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာက “**စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များနှင့်သက်ဆိုင်သော နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights– ICCPR) ကို လက်မှတ်ရေးထိုးရန်တိုက်တွန်းကြောင်းအဆို**”ကိုတင်သွင်းခဲ့ပြီး (ကောလင်းမဲဆန္ဒနယ်)မှ ဦးမျိုးဇော်အောင်က အဆိုကိုထောက်ခံဆွေးနွေးခဲ့ပါသည်။ ထိုသို့ထောက်ခံဆွေးနွေးရာတွင် အဓိကရည်ရွယ်ချက်(၃)ချက်ဖြင့် ထောက်ခံဆွေးနွေးခဲ့ပါသည်။ ၄င်းတို့မှာ လူတစ်ဦးချင်းစီအားကာကွယ်ပေးရန်၊ မူဝါဒအခြေခံသော ယဉ်ကျေးသောလူ့အဖွဲ့အစည်းတည်ဆောက်ရန်နှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်ရန်တို့ဖြစ်ပါသည်။ ထို့နောက် လွှတ်တော်မှအဆိုကိုလက်ခံဆွေးနွေးရန် မဲခွဲဆုံးဖြတ်ခဲ့ရာ သဘောတူအတည်ပြုခဲ့ပါသည်။ [22]

---

21 http://ccprcentre.org/ccprpages/steps-towards-iccpr-ratification-and-implementation-by-myanmar

22 https://www.pyithuhluttaw.gov.mm/qanda-776

၃၂။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးမှဆွေးနွေးခဲ့ကြပြီး အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးကျော်တင်က ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ [23]

## ICCPRစာချုပ်လက်မှတ်ရေးထိုးရေးအဆိုအား ထောက်ခံဆွေးနွေးမှုများ

၃၃။ ပဲခူးမဲဆန္ဒနယ်မှဒေါက်တာဒေါ်ရွှေပုံက "မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားသော၊ ကာကွယ်ပေးသော၊ တရားဥပဒေစိုးမိုးရေးကိုအလေးထားသော၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထိရောက်စွာကုစားပေးလိုသော စိတ်ဆန္ဒရှိသည့်နိုင်ငံအဖြစ် သက်သေပြနိုင် ရန်နှင့် ICCPR စာချုပ်ပါပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံ၏ပြည်တွင်းဥပဒေများနှင့်လည်း ကိုက်ညီမှုရှိသဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏နိုင်ငံရေးဆန္ဒရှိမှု (Political Will) ကိုပြသရာရောက်သည့်အတွက် လက်မှတ်ရေးထိုးသင့်ကြောင်း" ထောက်ခံဆွေးနွေးခဲ့ပါသည်။

၃၄။ ပေါင်မဲဆန္ဒနယ်မှဒေါ်မိကွန်ချမ်းက "ICCPRစာချုပ်ကို လက်မှတ်ရေးထိုးအတည်ပြုခဲ့ပါက အဓိပ္ပာယ်ပြည့်ဝသည့်ငြိမ်းချမ်းရေး၊ ရင်ကြားစေ့ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီတည် ဆောက်ရာတွင် လူ့အခွင့်အရေးများကို လေးစားလိုက်နာသည့်အလေ့အထ ယဉ်ကျေးမှုတစ်ရပ် ဖော်ဆောင်ရန်အတွက် နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များကို နိုင်ငံသားလူ့အခွင့် အရေးများဖြင့် အာမခံပေးရန်လည်းဖြစ်ပါသည်။ ထို့အပြင် အစိုးရသစ်အတွက် လူ့အခွင့်အရေးနှင့် နိုင်ငံတကာစံများကိုလေးစားလိုက်နာသည့် နိုင်ငံတစ်ရပ်တည်ထောင်ရေးအတွက် အခွင့်အလမ်း တစ်ခုဖြစ်သောကြောင့် လက်မှတ်ရေးထိုးသင့်ကြောင်း" ထောက်ခံဆွေးနွေးခဲ့ပါသည်။

---

[23] https://www.pyithuhluttaw.gov.mm/qanda-785

၃၅။ ဝါးခယ်မမဲဆန္ဒနယ်မှဦးဇော်သိန်းက “ICCPRသည် ပြည့်စုံခိုင်မာသည့် ကုလသမဂ္ဂစာချုပ်တစ်ခုဖြစ်ပြီး လူသားအားလုံးနှင့်ဆိုင်သော နိုင်ငံရေး၊ လူ့အခွင့်အရေးကာကွယ်သည့်စာချုပ်ဖြစ်သည့်အတွက် လက်မှတ်ရေးထိုးရန် အထူးသင့်တော်ကြောင်း” ထောက်ခံဆွေးနွေးခဲ့ပါသည်။

၃၆။ တောင်ကုတ်မဲဆန္ဒနယ်မှဒေါ်နီနီမေမြင့်က “မြန်မာနိုင်ငံသားများသည် နိုင်ငံသားများ၏အခြေခံရပိုင်ခွင့်များဖြစ်သည့် လုံခြုံစိတ်ချစွာအသက်ရှင်ပိုင်ခွင့်၊ ကျွန်ကဲ့သို့ပြုမူဆက်ဆံခံရခြင်းမှကင်းလွတ်ပိုင်ခွင့်၊ ဥပဒေအရ ထိရောက်သောအကာအကွယ်ရရှိခံစားပိုင်ခွင့်နှင့် လူနည်းစုတိုင်းရင်းသားများ၏အခွင့်အရေးများ အပြည့်အဝရရှိပိုင်ခွင့်များမရရှိသေးသည်ကိုတွေ့ရှိရသည်။ ထို့အပြင် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်၊ ငြိမ်းချမ်းစွာအဖွဲ့အစည်းများဖွဲ့စည်းတည်ထောင်ခွင့်နှင့် မတရားချုပ်နှောင်ဖမ်းဆီးခံရခြင်းမှကင်းလွတ်ပိုင်ခွင့်များမှာလည်း အပြည့်အဝခံစားခွင့်မရရှိသေးသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါရပိုင်ခွင့်များကို အပြည့်အဝခံစားပိုင်ခွင့်ရရှိရေးအတွက် ICCPRကို လက်မှတ်ရေးထိုးသင့်ကြောင်း” ထောက်ခံဆွေးနွေးခဲ့ပါသည်။

၃၇။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှဦးလုံဂျုံဆန်မိုင်က “ICCPRကို လက်မှတ်ရေးထိုးသင့်သည့်အချက်များမှာ ဒီမိုကရေစီစံနှုန်းအရ ရှေ့တန်းရောက်နေပြီဖြစ်သော ကမ္ဘာ့ဒီမိုကရေစီမိသားစုနှင့်အတူလက်တွဲပြီး ခေတ်သစ်သမိုင်းရေစီးကြောင်းကို အတူလျှောက်လှမ်းရန် မြန်မာနိုင်ငံက ဆန္ဒရှိကြောင်းဖော်ပြခြင်းဖြစ်ပြီး နိုင်ငံတော်၏ဂုဏ်သိက္ခာကို တစ်စုံတစ်ရာမြှင့်တင်ပေးနိုင်ပါကြောင်းနှင့် လက်ရှိလျှောက်လှမ်းနေသည့် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးခရီးစဉ်အတွက် တစ်စုံတစ်ရာသောအတိုင်းအတာအထိ အထောက်အကူပြုထိန်းကျောင်းပေးနိုင်စရာရှိကြောင်း” ထောက်ခံဆွေးနွေးခဲ့ပါသည်။

၃၈။ လယ်ဝေးမဲဆန္ဒနယ်မှဦးမျိုးဇော်ဦးက “မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကိုလေးစားတန်ဖိုးထားသော ဂုဏ်သိက္ခာရှိသည့်နိုင်ငံတစ်နိုင်ငံအဖြစ်ပြသရန် လိုအပ်သည်ကြောင့်လည်းကောင်း၊ ICCPRစာချုပ်တွင်ပါရှိသည့်အပိုဒ်များသည်လည်း မြန်မာနိုင်ငံမှပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်

ကိုက်ညီမှုရှိသောကြောင့် နိုင်ငံရေးဆန္ဒရှိမှုကိုပြသသည့်အနေဖြင့်လည်းကောင်း စာချုပ်တွင် ကနဦးလက်မှတ်ရေးထိုးသင့်ကြောင်းဆွေးနွေးခဲ့ပါသည်။ ထို့အပြင် ICCPRစာချုပ်ကို အချို့နိုင်ငံများသည်အပြည့်အဝဝင်ကြပြီး အချို့နိုင်ငံများသည် မလိုက်နာနိုင်သည့်အချက်များကို ခြွင်းချက်ထားဝင်ကြသည်ကိုတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ယခုလက်ရှိနိုင်ငံရေး အခင်းအကျင်း၊ နိုင်ငံတကာရှုမြင်မှုများကိုသုံးသပ်ပြီးမှသာ စာချုပ်ပါအပိုဒ်အချို့ကို ခြွင်းချက်ထားခြင်း၊ ကြေညာ ခြင်းများပြုလုပ်ပြီး ကနဦးဝင်ရောက်လက်မှတ်ရေးထိုးသင့်ပါကြောင်း” ထောက်ခံဆွေးနွေးခဲ့ပါ သည်။

၃၉။ တွံတေးမဲဆန္ဒနယ်မှဦးမြင့်လွင်က “မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီလက်အောက်အချိန်မှ ၂၀၁၀ ရွေးကောက်ပွဲနှင့်ပေါ်ပေါက်လာသည့်အစိုးရမတိုင်မီအချိန်အထိ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့၍ အဆိုပါဆုံးရှုံးမှုများကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတကာစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံ၏ပုံရိပ်ကို များစွာမြင့်တက်လာစေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတကာဖိအားများနှင့် ရင်ဆိုင်နေရသည့် ယခုလိုအချိန်မျိုးတွင် ICCPRစာချုပ်အား ပါဝင်လက်မှတ်ရေးထိုးသင့်ပါကြောင်း” ထောက်ခံဆွေးနွေးခဲ့ပါသည်။

၄၀။ သန်လျင်မဲဆန္ဒနယ်မှဦးလွင်ကိုလတ်က “နိုင်ငံသားတစ်ဦးချင်းစီ၏ နိုင်ငံရေးဆိုင်ရာအခွင့်အရေးကို နိုင်ငံတကာစာချုပ်တစ်ခုဖြင့် အကာအကွယ်ပေးထားခြင်းဖြစ်သောကြောင့် ICCPRစာချုပ်ကို လက်မှတ်ရေးထိုးသင့်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေနှင့် နိုင်ငံရေးအခြေအနေတချို့သည် စိုးရိမ်စရာများရှိနေကြောင်း၊ သို့သော် မြန်မာနိုင်ငံ၏ နိုင်ငံသားတစ်ဦးချင်းစီအား နိုင်ငံတကာစာချုပ်တစ်ခုဖြင့် အကာအကွယ်ပေးခြင်းသည် နိုင်ငံသားများ၏အကျိုးစီးပွားကို ယုံကြည်သည်ကိုပြသရန်အတွက် စာချုပ်နှင့်ပတ်သက်ပြီး စတင်ခြေလှမ်း

လှမ်းသင့်သည်ဟု ယူဆပါကြောင်း” ထောက်ခံဆွေးနွေးခဲ့ပါသည်။ အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသူ(၈)ဦးရှိကြောင်းတွေ့ရှိရပါသည်။[24]

## ICCPRစာချုပ်လက်မှတ်ရေးထိုးရေးအဆိုအား ဝေဖန်ထောက်ပြဆွေးနွေးမှုများ

၄၁။ မင်းကင်းမဲဆန္ဒနယ်မှဦးမောင်မြင့်က “ICCPRစာချုပ်အား လက်မှတ်ရေးထိုးခြင်းမရှိသည့် (၁၉)နိုင်ငံထဲတွင် အာဆီယံနိုင်ငံများမှ မြန်မာ၊ စင်ကာပူ၊ မလေးရှားနှင့်ဘရူနိုင်းနိုင်ငံတို့ဖြစ်ကြောင်း၊ စင်ကာပူကဲ့သို့ ဒီမိုကရက်တစ်ဖြစ်သည့်နိုင်ငံက စာချုပ်တွင်မပါဝင်သည်ကို ဂရုပြုသင့်ပါကြောင်း၊ သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင်လည်း UNနှင့် အနောက်နိုင်ငံများက ICCPR သို့ဝင်ရန် ဖိအားပေးမှုများရှိခဲ့ကြောင်း၊ သို့သော် ရှုပ်ထွေးနေသည့်မြန်မာ့နိုင်ငံရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလဖြစ်၍ သိမ်မွေ့စွာငြင်းပယ်ခဲ့ကြောင်း၊ ICCPR သည် နယူးယောက်တွင်ရှိသော ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီဖြစ်သော လူ့အခွင့်အရေးကော်မတီနှင့် ဂျီနီဗာတွင်ရှိသော လူ့အခွင့်အရေးကောင်စီ၏ယန္တရားတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လူ့အခွင့်အရေးကောင်စီ၏ အထူးကိုယ်စားလှယ် မစ္စစ်ယန်ဟီးလီကို ပြည်ဝင်ခွင့်ပိတ်ထားကြောင်း၊ အလားတူ UN ၏ Fact Finding Mission ကိုလဲ အဝင်မခံခဲ့ကြောင်း၊ သို့သော် ICCPRကို လက်မှတ်ရေးထိုးပြီးပါက မစ္စစ်ယန်ဟီးလီအပါအဝင် လူ့အခွင့်အရေးကော်မတီနှင့်ပတ်သက်သူများကို ဗီဇာငြင်းပယ်၍ဖြစ်နိုင်ပါ့မည်လား၊ ၄င်းတို့၏ ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများကို တားမြစ်နိုင်မည်လား စဉ်းစားရန်လိုအပ်ကြောင်း၊ မစ္စစ်ယန်ဟီးလီသည် ပြည်ဝင်ခွင့်မရရှိသော်လည်း ရောက်သည့်နေရာတိုင်းမှအခွင့်ကြုံတိုင်း မြန်မာနိုင်ငံကို ဖိအားပေးမှုများရှိနေသောကြောင့် ဝင်ခွင့်ရမည်ဆိုပါက မည်သို့ဖြစ်လာမည်ကို ခန့်မှန်း၍မရပါကြောင်း၊ ထို့အပြင် အဆိုရှင်၏ဆွေးနွေးချက်များတွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် နိုင်ငံသားတည်းဟူသော ဘောင်အကန့်အသတ်ကိုသာ အာမခံခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတစ်ခုအတွင်းတွင် မှီတင်းနေထိုင်

[24] ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ICCPRစာချုပ်အား လက်မှတ်ရေးထိုးရန်တိုက်တွန်းကြောင်းအဆိုမှ ဆွေးနွေးချက်များ(၁၀.၉.၂၀၁၉)

ကြသောမည်သူမဆို ရပိုင်ခွင့်များကိုစောင့်ရှောက်နိုင်မည်ဆိုသည့်အချက်ဖြစ်ကြောင်း၊ အဓိပ္ပာယ်မှာ ပြည်တွင်းတွင်နေထိုင်ကြသည့် နိုင်ငံသားမဟုတ်သူများကို စောင့်ရှောက်ချင်သည့် နိုင်ငံရေး ရည်မှန်းချက်ကို ပြတ်ပြတ်ထင်ထင်ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ စာချုပ်၏ အပိုဒ်(၁၂)၊ အပိုဒ်ခွဲ(၁)တွင်ပါရှိပါသည့် (Everyone Lawfully within the territory of a state shall within that territory, have the right to liberty of movement and freedom to choose his residence) ၏အဓိပ္ပာယ်မှာ လူတိုင်းသည် မိမိပိုင်နက်အတွင်း ဥပဒေအရလွတ်လပ်စွာသွားလာ ခွင့်နှင့် အခြေချခွင့်ကိုရွေးချယ်ခွင့်ရှိသည်ဟုပါရှိ၍ ထိုအခွင့်အရေးမျိုးကို ရခိုင်တွင်ရှိနေသည့် နိုင်ငံသားမဟုတ်သည့် ဘင်္ဂါလီများကိုမပေးနိုင်ကြောင်း၊ သို့သော် စာချုပ်အားလက်မှတ်ရေးထိုး လိုက်ပါက ထိုအချက်ကိုကိုင်၍ ဘင်္ဂါလီများသည် အခွင့်အရေးတောင်းဆိုနိုင်ကြောင်း၊ ထို့အပြင် စာချုပ်၏ အပိုဒ်(၂၄)၊ အပိုဒ်ခွဲ(၃)တွင် (Every Child has the right to acquire in a nationality) ဖော်ပြထားကြောင်း၊ ကလေးသူငယ်တိုင်းသည် နိုင်ငံသားတစ်ဦးအနေဖြင့် ခံယူပိုင်ခွင့်ရှိသည်ဟု အဓိပ္ပာယ်ဖြစ်၍ အဆိုပါအချက်ကိုလုံးဝသဘောမတူကြောင်း၊ အကယ်၍ ထိုအချက်ကိုလက်ခံပါက နိုင်ငံသားမဖြစ်သေးသည့် ပြည်တွင်းသို့ရောက်ရှိနေသည့် ဘင်္ဂါလီကလေးများအား ချက်ချင်း နိုင်ငံသားဖြစ်ခွင့်ရမည့် အနေအထားဖြစ်နေပါကြောင်းနှင့် ICCPRသည် Legally Binding ရှိပြီးဖြစ်၍ အကယ်၍မလိုက်နာခဲ့ပါက အခြားအဖွဲ့ဝင်နိုင်ငံများကိုပါ ဆန့်ကျင်စေသည့်သဘော ဖြစ်၍ မြန်မာနိုင်ငံကဲ့သို့ ပြည်တွင်းရေးရှုပ်ထွေးနေသည့်နိုင်ငံတစ်နိုင်ငံသည် ထောင်ချောက်ထဲသို့ တိုးဝင်မိသကဲ့သို့ဖြစ်မည်ကိုစိုးရိမ်ပါကြောင်း” ဖြင့် ဝေဖန်ထောက်ပြဆွေးနွေးခဲ့ပါသည်။

၄၂။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းက “ICCPR စာချုပ်လက်မှတ်ထိုးရေးကိစ္စကို ယခုလိုလွှတ်တော်မှ အဆိုအဖြစ်တင်သွင်းခြင်း၊ ဆွေးနွေး အတည်ပြုခြင်း၊မှတ်တမ်းတင်ခြင်း၊ မှတ်တမ်းတင်စောင့်ကြည့်ခြင်းတို့သည် လွှတ်တော်မှ တာဝန်ခံ ဆောင်ရွက်ရသည့်ကိစ္စမျိုးမဟုတ်သည့်အတွက် ယခုလိုမဆောင်ရွက်သင့်ကြောင်းနှင့် လမ်းကြောင်း လွဲနေကြောင်း၊ ထို့နောက် ICCPRစာချုပ်၏ အပိုဒ်(၂) အပိုဒ်ခွဲ(၃) (ဂ)၏ဖော်ပြချက်များအား

နိုင်ငံတော်မှ အာမခံပေးနိုင်ပါမည်လား၊ အပိုဒ်(၆) အပိုဒ်ခွဲ(၄)အရ ပြစ်ဒဏ်ပြောင်းလဲခံစားရေး အတွက် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများကိုကျော်လွန်မည်လား၊ အပိုဒ်(၁၂)၊ အပိုဒ်ခွဲ(၂) အပိုဒ်ခွဲ(၄) နှင့် အပိုဒ်(၁၄) အပိုဒ်ခွဲ(၁) အပိုဒ်ခွဲ(၆)တို့တွင် ဖော်ပြထားသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံ၏ လွတ်လပ်စွာတရားစီရင်ရေးကိုထိပါးနိုင်မည်လား” စသည့်မေးခွန်းများဖြင့် အဆိုကို ဝေဖန်ထောက်ပြဆွေးနွေးခဲ့ပါသည်။

၄၃။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦးက “ လူ့အခွင့် အရေးကော်မတီသည် စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စာချုပ်ပါအခွင့်အရေးများအား အမှန် တကယ်လေးစားလိုက်နာမှု ရှိ/မရှိအား စောင့်ကြည့်ရန်အတွက် ဖွဲ့စည်းထားကြောင်း၊ စာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်လာပါက ကော်မတီသို့အစီရင်ခံစာများ တင်သွင်းရမည်ဖြစ်ကြောင်း၊ ထိုအစီ ရင်ခံစာများနှင့်ပတ်သက်ပြီး ကော်မတီ၏အကြံပြုချက်များကို အစိုးရက နိုင်ငံအတွင်းပြန်လည် အကောင်အထည်ဖော်လုပ်ဆောင်ပြီး ပြန်လည်အစီရင်ခံရမည်ဖြစ်ကြောင်း၊ ICCPR စာချုပ်ပါ အချက်အလက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်တည်မှု၊ ထိန်းချုပ်နိုင်မှုတို့ကို ထိပါးလာ နိုင်သည့်အတွက် စဉ်းစားဆင်ခြင်ဆောင်ရွက်သင့်ပါကြောင်း၊ လူမျိုးရေးနှင့် လူဦးရေပြဿနာ ရှိသည့်နိုင်ငံများသည် ICCPR စာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ခေါင်းစဉ်မျိုးစုံတပ်၍ ဖိအားပေးလာနိုင်ကြောင်းနှင့် ဒေါ်လာအထောက်အပံ့မက်သည့် နိုင်ငံရေး သမားများ၊ အဖွဲ့အစည်းများပေါ်ပေါက်လာနိုင်ကြောင်း၊ နိုင်ငံတကာစာချုပ်တစ်ရပ်သို့ပါဝင်ရေး ကိစ္စသည် လေးနက်သည့်ကတိကဝတ်ပြုခြင်း၊ တာဝန်ယူမှုတစ်ရပ်ဖြစ်ခြင်းတို့ကြောင့် မိမိနိုင်ငံ နှင့် မိမိနိုင်ငံသားတို့၏အကျိုးစီးပွားနှင့် ကိုက်ညီခြင်းရှိ/မရှိ၊ လက်တွေ့အကောင်အထည်ဖော်နိုင် ခြင်း ရှိ/မရှိတို့ကို ဦးစွာချိန်ဆရန်လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ချိန်ဆရာတွင်လည်း မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုမထိပါးစေရေး၊ ပထဝီအနေအထား၊ သမိုင်းအစဉ်လာယဉ်ကျေးမှု နှင့် ထုံးတမ်းစဉ်လာများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများနှင့် ဖွဲ့စည်းထူထောင်ရပ်တည်

နေမှုစသည်တို့သည် ပဓာနကျပါကြောင်းနှင့် စာချုပ်လက်မှတ်ထိုးရေးကိစ္စတွင် စက်ဘ်ပူနိုင်ငံ၏ ရပ်တည်မှုကို မြန်မာနိုင်ငံအနေဖြင့် အတုယူသင့်ကြောင်း” အကြံပြုတိုက်တွန်းဆွေးနွေးခဲ့ပါသည်။

၄၄။ ပျော်ဘွယ်မဲဆန္ဒနယ်မှဦးသောင်းအေးက “ICCPRစာချုပ်ပါဖော်ပြချက်များသည် ဥပဒေကြောင်းဆိုင်ရာကိစ္စရပ်များဖြစ်သည့်အတွက် စာချုပ်အားပါဝင်လက်မှတ်ရေးထိုးခြင်းသည် ဥပဒေပြဋ္ဌာန်းခြင်း၊ ဥပဒေပြုခြင်းဖြစ်သောကြောင့် စာချုပ်ပါအချက်အလက်များအား အဘက်ဘက်မှလေ့လာသုံးသပ်ရန်လိုအပ်ပါကြောင်း၊ ဥပမာ စာချုပ်အပိုဒ်(၁)တွင် လူတိုင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည်ဟုပါရှိ၍ မိမိတို့နိုင်ငံရေးအခြေအနေကို လွတ်လပ်စွာပြဋ္ဌာန်းခွင့်ရှိပြီး မိမိစီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကို လွတ်လပ်စွာဆောင်ရွက်ခွင့်၊ သဘာဝသယံဇာတများကို လွတ်လပ်စွာ ထုတ်ယူခွင့်ရှိသည်ဟုဖော်ပြပါရှိ၍ ထိုအချက်ကိုလက်ခံလိုက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သယံဇာတထုတ်ယူသုံးစွဲမှုစသည့်တို့နှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကိုထိခိုက်လာပါက မလိုလားအပ်သည့် ပြဿနာများဖြစ်ပွားလာနိုင်ကြောင်း၊ စာချုပ်တစ်ပိုဒ်ချင်းတွင်လည်း လူ့အခြေခံရပိုင်ခွင့်များကို လူ့အခွင့်အရေးရှုထောင့်ဖြင့်သာ အလေးထားပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံများ၏မူလပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒလမ်းစဉ်များနှင့် ဆန့်ကျင်ပယ်ဖျက်သွားနိုင်သောအချက်များပါရှိနေသည်ကို သတိပြုရန်လိုကြောင်း၊ စာချုပ်အပိုဒ်(၄)တွင် နိုင်ငံတစ်နိုင်ငံ၏ အရေးပေါ်အခြေအနေမျိုးဖြစ်လာလျှင် စာချုပ်ပါကတိကဝတ်များကို ကျော်လွှားနိုင်သည်ဆိုသည့်အချက်သည်ကျေနပ်လက်ခံဖွယ်ဖြစ်သော်လည်း အဆိုပါဆောင်ရွက်မှုများသည် နိုင်ငံတကာဥပဒေအရ လိုက်နာရမည့်ကတိကဝတ်များကို မဆန့်ကျင်ရ၊ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ မျိုးရိုးဇာတိအလိုက်မခွဲခြားရဟု ကန့်သတ်ထားသည့်အတွက် မိမိတို့လိုရာသာ ဖော်ပြဆွေးနွေးခြင်းမပြုဘဲ အချက်အလက်တစ်ခုချင်းကို ပြည့်စုံစွာသုံးသပ်ရန်လိုအပ်ပါကြောင်း၊ ထို့အပြင် ICCPRစာချုပ်သည် နိုင်ငံသားများ၏အခွင့်အရေးများဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍအားလုံးပါရှိနေ၍ ပြဋ္ဌာန်းချက်များအရ ဥပဒေကို ဒီလို

ပြင်ပါ၊ ဒီလိုအုပ်ချုပ်ပါ၊ ဒီလိုတရားစီရင်ပါဟု အမိန့်ပေးနေသည့် စာချုပ်လိုဖြစ်နေကြောင်း၊ စာချုပ်၏ အပိုဒ်(၅၀)တွင် ဤပဋိညာဉ်စာတမ်းပါပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုနိုင်ငံအသီးသီး၏ ဒေသအားလုံးသို့ အကန့်အသတ်မရှိ၊ ချွင်းချက်မရှိ အာဏာတည်စေရမည်ဟုပါရှိသည့်အတွက် မိမိတို့နိုင်ငံ၏အာဏာသုံးရပ်ကို လူ့အခွင့်အရေးအကြောင်းပြ၍ ICCPR၏လက်ထဲသို့ ဝကွက်အပ်ရမလိုဖြစ်နေကြောင်း၊ ထိုစာချုပ်ကို နိုင်ငံအများစုလက်မှတ်ရေးထိုး၍ မိမိတို့နိုင်ငံက လက်မှတ်ရေးထိုးလိုက်သည်နှင့် ကိုယ့်နိုင်ငံ၏ပုံရိပ်တက်လာမည်ဆိုသည်မှာ မှန်ကန်နိုင်မည်လား၊ ကိုယ့်နိုင်ငံ၏ပုံရိပ်တက်အောင် ကိုယ်ပဲလုပ်ရမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် အာဏာသုံးရပ်သည် ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူများပိုင်သည့်အရာဖြစ်၍ နိုင်ငံတကာလက်ထဲသို့ထည့်အပ်သင့်သည့်အရာမဟုတ်ကြောင်းနှင့် ICCPRစာချုပ်သည် နိုင်ငံရေးနှင့်လူ့အခွင့်အရေးကိုအကြောင်းပြ၍ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်၊ အာဏာသက်ရောက်စေသည့်စာချုပ်ဖြစ်သည့်အတွက် ဥပဒေအကြံပေးနှင့် ကျွမ်းကျင်သူများမှစိစစ်ပြီးမှသာ လက်မှတ်ရေးထိုးရန်ကိစ္စကို ဆုံးဖြတ်ချက်ရယူဆောင်ရွက်သင့်ပါကြောင်း” သုံးသပ်ဆွေးနွေးခဲ့ပါသည်။

၄၅။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်းက “ICCPR စာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးရာတွင် နိုင်ငံအတော်များများသည် အချိန်ယူလေ့လာပြီးမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံကြီး၊ နိုင်ငံငယ်များက RUDခေါ် Reservation၊ Understanding နှင့် Declarationများတင်သွင်း၍ လူ့အခွင့်အရေးဆိုင်ရာရပိုင်ခွင့်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိမှု၊ မိမိနိုင်ငံ၏အကျိုးစီးပွားမထိခိုက်စေမှုတို့ကို မူတည်ထည့်သွင်းစဉ်းစား၍ အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာစာချုပ်ခြောက်ခုအနက် RUDခြွင်းချက်အများဆုံးတောင်းဆိုခံရသည့်စာရင်းတွင် ICCPRသည် (၁၇၅)ခုဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေသည်ကိုတွေ့ရှိရကြောင်း၊ စာချုပ်၏အပိုဒ်(၁)၊ အပိုဒ်ခွဲ(၁)အရ ပြည်သူအားလုံးသည် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်

ရှိကြောင်းပြဋ္ဌာန်းထားရာ နိုင်ငံတော်သည် တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်သောနိုင်ငံဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသောနိုင်ငံရေးအခြေအနေများအရ လက်ခံကျင့်သုံးရန်အခက်အခဲရှိနိုင်သည့်အပြင် လိုက်နာအကောင်အထည်ဖော်ရာတွင်လည်း စိန်ခေါ်မှုများကြုံတွေ့လာနိုင်ကြောင်း၊ စာချုပ်ပါပြဋ္ဌာန်းချက်အချို့အပေါ် ပြင်သစ်၊ အမေရိကန်၊ မက္ကဆီကို၊ ဩစတြီးယား၊ ဘဟားမား၊ ဘီလီဇီနှင့် အင်္ဂလန်နိုင်ငံများက Reservationတင်သွင်းခဲ့ကြောင်း၊ စာချုပ်၏ အပိုဒ်(၂၄)၊ အပိုဒ်ခွဲ(၂)နှင့်(၃)တွင် ကလေးသူငယ်တိုင်း မွေးဖွားပြီးပြီးချင်း မွေးစာရင်းမှတ်ပုံတင်ခြင်း၊ နာမည်ပေးခြင်းနှင့် နိုင်ငံသားအဖြစ်ခံယူပိုင်ခွင့်ရှိပါကြောင်းပါရှိသဖြင့် မိမိတို့၏ ပိုင်နက်နယ်မြေအတွင်း မွေးဖွားသည့်နိုင်ငံမဲ့ကလေးသူငယ်များအား နိုင်ငံသားဖြစ်ခွင့်ပေးရေးသည် နိုင်ငံများ၏ယေဘုယျအားဖြင့် တာဝန်မရှိကြောင်း နိုင်ငံများစွာက သဘောထားမှတ်ချက်ပြုထားသည်ကိုတွေ့ရှိရကြောင်း၊ ဒီမိုကရေစီအင်အားကောင်းသည့် အမေရိကန်နိုင်ငံသည်ပင်လျှင် ၁၉၇၇ခုနှစ်က ကနဦးလက်မှတ်ရေးထိုးပြီး(၁၅)နှစ်အကြာ ၁၉၉၂ခုနှစ်မှသာ အတည်ပြုပါဝင်ခဲ့ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နုနယ်သေးသည့် မြန်မာနိုင်ငံအနေဖြင့် စာချုပ်လိုက်နာကျင့်သုံးရာတွင် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများနှင့် အခက်အခဲများအားကျော်လွှားနိုင်ရန် အစီအမံများချမှတ်ရန်လိုအပ်နေသေးခြင်းကြောင့် ICCPRစာချုပ်အား လုံလောက်သည့်အချိန်ယူလေ့လာမှုပြုလုပ်သင့်ပါကြောင်း” ထောက်ပြဆွေးနွေးခဲ့ပါသည်။

၄၆။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်မိုးအောင်က“ICCPR စာချုပ်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရမည့် စာချုပ်အမျိုးအစားဖြစ်ကြောင်း၊ အဆိုကိုတင်သွင်းခြင်း၊ လက်ခံဆွေးနွေး ခြင်းအားဖြင့် နိုင်ငံတော်သမ္မတ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အပြန်အလှန်ထိန်းကျောင်းမှုထက် ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ရာရောက်/မရောက်၊ အဆိုကို ပြည်သူ့လွှတ်တော်က ဆွေးနွေးဆုံးဖြတ်အတည်ပြုခြင်းအားဖြင့် ပြည်ထောင်စုလွှတ်တော်ကို ကျော်လွန်လုပ်ဆောင်ရာရောက်/ မရောက် ဆင်ခြင်သုံးသပ်သင့်ပါကြောင်း၊ စာချုပ်တွင် နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာများကို

အဓိကထားဖော်ပြထားပြီး လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ကျယ်ပြန့်စွာပါရှိသည့်အတွက် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ ပြည်ထဲရေး၊ လူဝင်ကြီးကြပ်ရေးစသည့် ကဏ္ဍအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှိနေနိုင်သည့်အတွက် အချိန်ယူစိစစ်ပြင်ဆင် ဆောင်ရွက်သင့်ပါကြောင်း” အကြံပြုဆွေးနွေးခဲ့ပါသည်။ [25] အဆိုနှင့်ပတ်သက်၍ ဝေဖန်ထောက်ပြအကြံပြုဆွေးနွေးသူ(၆)ဦးရှိကြောင်းတွေ့ရှိရပါသည်။

## သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

၄၇။ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ICCPRစာချုပ်ကို ကနဦးလက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ်၊ မတ်လအတွင်းက ICCPRစာချုပ်ကို လက်မှတ်ရေးထိုးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကမေးမြန်းခဲ့ဖူးကြောင်း၊ ထိုစဉ်က မြန်မာနိုင်ငံအနေဖြင့် ပါဝင်ခြင်းအားဖြင့် နိုင်ငံတကာမျက်နှာစာတွင် လူ့အခွင့်အရေးစာချုပ်များသို့ အတည်ပြုပါဝင်လိုသည့် နိုင်ငံရေးဆန္ဒနှင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပြသနိုင်မည်ဖြစ်ကြောင်း၊ သို့သော် စာချုပ်ပါအချက်များကို အကောင်အထည်ဖော်ကြရာတွင် တွေ့ကြုံရနိုင်သည့်အခက်အခဲများ၊ စိန်ခေါ်မှုများ၊ လူသားအရင်းအမြစ်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ပြန်လည်ဖြေကြားထားခဲ့ကြောင်း၊ ယခုအချိန်တွင် ICCPRစာချုပ်ကို ကနဦးလက်မှတ်ရေးထိုးရေးကိစ္စအား ဦးစားပေးရည်မှန်းချက်အဖြစ်သတ်မှတ်ထားပြီး ပြည်တွင်းဥပဒေများနှင့် လက်တွေ့အကောင်အထည်ဖော်ရေးဆိုင်ရာအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာလျက်ရှိပါကြောင်း၊ ထို့အပြင် Universal Periodic Review ဟုခေါ်သည့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ပြန်လည်သုံးသပ်ခဲ့ရာတွင်လည်း ICCPR စာချုပ်ကိုလက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံသို့ တိုက်တွန်းမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလတွင်တင်သွင်းမည့် UPR

---

[25] ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ICCPRစာချုပ်အား လက်မှတ်ရေးထိုးရန်တိုက်တွန်းကြောင်းအဆိုမှ ဆွေးနွေးချက်များ(၁၀.၉.၂၀၁၉)

အစီရင်ခံစာပြုစုရေးအတွက် မိမိတို့ဦးဆောင်သည့်လုပ်ငန်းကော်မတီမှလည်း ICCPRစာချုပ်အား လက်မှတ်ရေးထိုးရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်ရန်အတွက် ထောက်ခံတင်ပြထားကြောင်း၊ ICCPRစာချုပ်အား မြန်မာနိုင်ငံအနေဖြင့်လည်း လက်မှတ်ရေးထိုးရန်စဉ်းစားသင့်သည့် စာချုပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာစာချုပ်တစ်ရပ်သို့ ကနဦးလက်မှတ်ရေးထိုးခြင်းသည် နိုင်ငံရေးဆန္ဒကိုဖော်ပြခြင်းသာဖြစ်ကြောင်း၊ ကနဦးလက်မှတ်ရေးထိုးခြင်းသည် ဥပဒေကြောင်းအရစည်းနှောင်မှုမရှိသေးသော်လည်း လက်မှတ်ရေးထိုးပြီးသည့်နောက် သင့်လျော်သည့်အချိန်တွင် အတည်ပြုပါဝင်ရန်လုပ်ဆောင်ရမည်ဆိုသည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ICCPRစာချုပ်တွင်ပါဝင်သည့် Article များပါပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံအနေဖြင့်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့်ဆောင်ရွက်ရန်လိုအပ်သည့်အချက်များကို ရှင်းလင်းစွာသိရှိရန် လိုအပ်သည့်အတွက် ကနဦးအနေဖြင့်လက်မှတ်ရေးထိုးရန်ကိုသာ ဦးစားပေးဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ သဘောထားများတောင်းခံခဲ့ရာတွင်လည်း ပြန်ကြားလာသည့်သဘောထားမှတ်ချက်များအရ ကနဦးလက်မှတ်ရေးထိုးခြင်းကို ကန့်ကွက်ကြခြင်းမရှိသော်လည်း စာချုပ်ပါပြဋ္ဌာန်းချက်များအနက် မြန်မာနိုင်ငံမှလက်ခံနိုင်မှုမရှိသည့်ကိစ္စများ၊ အကဲဖြတ်ခေါ်ရာတွင် မြန်မာနိုင်ငံမှနားလည်သဘောပေါက်မှုစသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားကြေညာချက်များပြုလုပ်ရန် အကြံပြုချက်များလည်းရရှိထားပါကြောင်း၊ ထို့ကြောင့် ICCPRစာချုပ်ကို ပိုမိုနားလည်သဘောပေါက်ရန် မိမိတို့ပြည်တွင်း၌ ဆွေးနွေးမှုများထပ်မံပြုလုပ်ပြီးသည့်အခါမှ လက်မှတ်ရေးထိုးရေးကို စဉ်းစားသွားသင့်ကြောင်းနှင့် မိမိတို့အနေဖြင့် အဆိုပါစာချုပ်ကို လက်မှတ်ရေးထိုးသည့်အခါတွင် မျက်စိစုံမှိတ်၍ လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း၊ လက်မခံနိုင်သည့်အချက်၊ မိမိတို့နိုင်ငံအခြေအနေနှင့် မကိုက်ညီသည့်အချက်များကို ခြွင်းချက်ပြုခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ခြင်းများကိုလည်း ထည့်သွင်းခြင်းအားဖြင့် စိုးရိမ်မှုများကို ကာကွယ်တားဆီး ရန်အတွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ICCPRစာချုပ်အား လက်မှတ်ရေးထိုးရန် တိုက်တွန်းသည့်အဆိုအား

မှတ်တမ်းတင်ထားရန်သင့်ပါကြောင်း” ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ယင်းအဆိုနှင့်ပတ်သက်၍ အဆိုတင်သွင်းသူလွှတ်တော်ကိုယ်စားလှယ်က အဆိုအား မှတ်တမ်းအဖြစ်ထားရှိပေးပါရန်တင်ပြခဲ့သဖြင့် လွှတ်တော်က ၎င်းအဆိုအား မှတ်တမ်းအဖြစ်ထားရှိခဲ့ပါသည်။ [26]

## ပညာရှင်တစ်ဦး၏ ICCPRစာချုပ်အပေါ်သုံးသပ်ချက်

၄၈။ တရုတ်နိုင်ငံဆိုင်ရာ UNICEF၏ဌာနေကိုယ်စားလှယ်ဟောင်း တစ်ဦးဖြစ်သော ကုလသမဂ္ဂတွင် အရာရှိငယ်ဘဝမှ ခေါင်းဆောင်ပိုင်းအထိ နှစ်ပေါင်း (၂၀)ကျော် တာဝန်ထမ်းဆောင်ခဲ့ကာ လူ့အခွင့်အရေးအကြောင်းနှင့် အပြည်ပြည်ဆိုင်ရာပဋိညာဉ်စာချုပ်များအကြောင်းကို နိုင်ငံခြားသားများကို စာသင်ပေးခဲ့ဖူးသူဖြစ်သည့် ဒေါက်တာရင်ရင်နွယ်၏ ICCPR စာချုပ်အပေါ် ၎င်း၏သုံးသပ်ပြောကြားချက်များမှာ “၂၀၁၉ခုနှစ်၊ ဇွန်လ(၅)ရက်မှ (၆)ရက်အထိ နေပြည်တော်တွင် (Centre for Civil and Political Rights)ခေါ် ဆွစ်ဇာလန် NGOတစ်ဖွဲ့နှင့် ဆွစ်ဇာလန်သံရုံးတို့ပူးပေါင်း၍ မြန်မာအစိုးရ၏အစီအစဉ်ဖြင့် ဝန်ကြီးဌာနများနှင့် မြန်မာNGO များအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ International Covenant on Civil and Political Rights (ICCPR) ဟုခေါ်သော အများပြည်သူနှင့်နိုင်ငံရေးဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးရန်အတွက် ပြင်ဆင်ရန်ဖြစ်သည်။ ယခင်အစိုးရလက်ထက်ကပင် ကုလသမဂ္ဂနှင့်ဗြိတိသျှအစိုးရတို့က ဤICCPRစာချုပ်ကို လက်မှတ်ရေးထိုးရန် မြန်မာပြည်အား ဖိအားပေးခဲ့ပါသည်။ ICCPRဆိုသည်မှာ လက်ရှိမြန်မာနိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးထားသော ပဋိညာဉ်စာချုပ်(၅)ခုနှင့် တူညီသောအချက်များရှိသကဲ့သို့ ကွာခြားချက်များလည်းရှိပါသည်။ ကွာခြားချက်များမှာ အလွန်အရေးကြီးပါသည်။ အခြားပဋိညာဉ်စာချုပ်(၅)ခု၏ အစီရင်ခံစာများ (Periodic and other reports) ကိုင်တွယ်သော UNကော်မတီများမှာ မြန်မာနိုင်ငံအတွက် အဆိပ်အတောက်အန္တရာယ်

---

[26] ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ICCPRစာချုပ်အား လက်မှတ်ရေးထိုးရန်တိုက်တွန်းကြောင်းအဆိုမှ ဆွေးနွေးချက်များ(၁၀.၉.၂၀၁၉)

မရှိဟု သတ်မှတ်နိုင်ပါသည်။ ဥပမာ– ကလေးသူငယ်များ၏ အခွင့်အရေးနှင့်ဆိုင်သောစာချုပ် (CRC)ကိုကိုင်တွယ်သောကော်မတီသည် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ပညာရေး အစရှိသည်တို့ကိုသာသုံးသပ်၍ မြန်မာနိုင်ငံ၏အစီရင်ခံစာများကိုဝေဖန်သုံးသပ်သည်။ သို့သော် ICCPR ကိုကိုင်တွယ်သောကော်မတီမှာ UN၏လူ့အခွင့်အရေးကော်မတီဖြစ်သည်။ နိုင်ငံရေးနှင့်အများပြည်သူဆိုင်ရာအခွင့်အရေးများကို လေ့လာသုံးသပ်သော ကော်မတီဖြစ်သည်။ ထိုလူ့အခွင့်အရေးကော်မတီကဲ့သို့ ကော်မတီများအားလုံးကိုထိန်းချုပ်ထားသော အဖွဲ့အစည်းကြီးမှာ UN၏လူ့အခွင့်အရေးကောင်စီဖြစ်ပါသည်။ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာအစိုးရက လက်မခံတော့ဟူ၍ ငြင်းပယ်လိုက်သော ကိုရီးယားအမျိုးသမီးရန်ဟီးလီကိုခန့်ထားသော အဖွဲ့အစည်းကြီးဖြစ်ပါ သည်။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်နေ့တွင် ဘင်္ဂါလီအစွန်းရောက် အာဆာ(ARSA) အကြမ်းဖက်များသည် မြန်မာတိုင်းရင်းသားများနှင့် မြန်မာလုံခြုံရေးတပ်များကိုအင်အားဖြင့် တိုက်ခိုက်သတ်ဖြတ်ခဲ့သည်ကို လုံးဝဖျောက်ကွယ်ထားပြီး မြန်မာ့တပ်မတော်နှင့်ရခိုင်လူမျိုးများကိုသာ အပြစ်ဖို့ပုံချခဲ့၍ စာမျက်နှာ(၄၄၂) မျက်နှာရှိသည့် အစီရင်ခံစာကိုထုတ်ဝေခဲ့သောအဖွဲ့အစည်းလည်းဖြစ်ပါသည်။

၄၉။ ICCPRစာချုပ်ကို UNလူ့အခွင့်အရေးကောင်စီက အထူးစိတ်ဝင်စားပါသည်။ အကယ်၍ မြန်မာနိုင်ငံသည် UN ကိုလိုက်လျောလိုပြီး ICCPRစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးလိုက်ပါက UN လူ့အခွင့်အရေးကောင်စီမှချမှတ်ထားသောပုဂ္ဂိုလ်များကို ကေန်မုချ ပြည်တွင်းသို့အဝင်ခံရမည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၏နိုင်ငံရေး၊ လုံခြုံရေးအခြေအနေများမှာ ရှုပ်ထွေးနေ၍ နိုင်ငံ့ခေါင်းဆောင်များကို နိုင်ငံတကာအသိုင်းအဝိုင်းက ပြင်းထန်စွာအပြစ်တင်ဝေဖန်နေသည်ကို ငြင်း၍မရပါ။ ဤကဲ့သို့သော အခြေအနေနှင့်အချိန်အခါတွင် အီဂျစ်နိုင်ငံသားတစ်ယောက်ဦးဆောင်နေသော UN လူ့အခွင့်အရေးကော်မတီကိုသော်လည်းကောင်း၊ ဆီနီဂေါနိုင်ငံသားတစ်ယောက်ဦးဆောင်နေသော (နိုင်ငံ့ခေါင်းဆောင်များကို ရိုင်းစိုင်းစွာဝေဖန်ခဲ့သော) UN လူ့အခွင့်အရေးကောင်စီကိုသော်လည်းကောင်း မြန်မာပြည်ထဲသို့ လာရောက်အကြံပြုရန် လမ်းဖွင့်ပေးသင့်ပါသလား? ICCPR

စာချုပ်ကို လက်မှတ်ထိုးသင့်မထိုးသင့်ဆုံးဖြတ်ရာ၌ မိမိနိုင်ငံ၏အကျိုးစီးပွားနှင့် အချုပ်အခြာ အာဏာခိုင်မြဲရေးကို ရှေးရှုစဉ်းစားမည်ဆိုပါက ယခုအချိန်မျိုးတွင် လက်မှတ်မထိုးသင့်သေးဟု အကြံပြုလိုပါသည်။ ရှုပ်ထွေးနေသောမြန်မာနိုင်ငံ၏နိုင်ငံရေး၊ လုံခြုံရေးအခြေအနေတို့ကို သိမ်မွေ့စွာ ကိုင်တွယ်နေရမည့်အချိန်မျိုးဖြစ်ပါသည်။ ဒီမိုကရေစီအစစ်ထွန်းကားနေသော အမေရိကန်ပြည် ထောင်စုပင်လျှင် ၂၀၁၈ခုနှစ်၊ ဇွန်လတွင် လူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်သွားပါသည်။ ထိုသို့မထွက်မီ UN လူ့အခွင့်အရေးကောင်စီသည် တရားမျှတမှုမရှိသော မစင်တွင်းကြီးပါ၊ လူ့အခွင့်အရေးချိုးဖောက်နေသူများကို ကာကွယ်ပေးနေသည်ဟု သမ္မတဒေါ်နယ်ထရန့် ခန့်ထားသောသံအမတ်မစ်စ်နစ်ကီဟေလီက ပြောသွားခဲ့ပါသည်။ ယခင်ကလည်း ကိုဖီအာနန်၏ အကြံပြုချက်များသည် မြန်မာပြည်၊ မြန်မာဥပဒေများနှင့် အကောင်အထည်ဖော်၍မရသော အကြံပြုချက်များဖြစ်ခဲ့ပါသည်။

၅၀။ နိုင်ငံ၏အကျိုးစီးပွားကို ရှေးရှုအကြံပြုလိုပါသည်၊ မိမိတိုင်းပြည်သည် နိုင်ငံတကာ၏ အပြစ်တင်ခြင်းခံနေရသောပြဿနာအတွက် ICCPR ကို လက်မှတ်ထိုးခြင်းသည် အဖြေမဟုတ်ပါ။ တရားမျှတသည့်အဖြေမှာ တည်ဆဲဥပဒေဘောင်အတွင်းတွင်ရှိပြီး နိုင်ငံတကာကိုလည်း ရဲရဲဝံ့ဝံ့ရှင်းပြနိုင်သည့်အဖြေဖြစ်ပါသည်။ ICCPRကို လက်မှတ်ထိုးသည်နှင့်တစ်ပြိုင်နက် ပြဿနာများပိုမိုရှုပ်ထွေးရန်သာရှိသည်။ ယခုကဲ့သို့ ထိလွယ်ရှလွယ်သော နိုင်ငံရေးကိစ္စရပ်များ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့်စပ်လျဉ်းနေသည့်ကိစ္စရပ်များအား နိုင်ငံခြားအဖွဲ့များကို လမ်းဖွင့်မပေးသင့်ဟု မြင်ပါသည်။ တည်ဆဲဥပဒေဘောင်အတွင်းတွင်ရှိသည့် တရားမျှတသည့် အဖြေများရှိပါသည်” ဟု သုံးသပ်ပြောကြားထားပါသည်။[27]

---

[27] (၂၃.၇.၂၀၁၉) ဒေါက်တာရင်ရင်နွယ်၏ facebook စာမျက်နှာမှ

## ဝေဖန်သူများစိုးရိမ်နေသည့် ICCPRစာချုပ် အပိုဒ်(၂၄)၏အဓိပ္ပာယ်ဖွင့်ဆိုချက်

၅၁။ ICCPRစာချုပ်လက်မှတ်ရေးထိုးရေးတွင် အများစုစိုးရိမ်နေသည့် စာချုပ်ပါအပိုဒ်များတွင် အပိုဒ် (၂၄) သည်လည်း အဓိကပါဝင်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေတွင်ပါဝင်သည့် အခန်း(၈) ကလေးသူငယ်ကိုမွေးစားခြင်းပုဒ်မများနှင့် [28] ICCPR စာချုပ် အပိုဒ် (၂၄) ပါပြဋ္ဌာန်းချက်များ ပေါင်းစပ်မိပါက နိုင်ငံမဲ့ကလေးငယ်များအလုံးအရင်းနှင့် ဝင်ရောက်လာနိုင်ပြီး မလိုလားအပ်သည့် ပြဿနာများဖြစ်ပွားလာနိုင်သည်ကို နိုင်ငံရေးကျွမ်းကျင်သူပညာရှင်များမှ ထောက်ပြပြောဆိုမှုများ တွေ့ရှိရပါသည်။ ICCPRစာချုပ်၏ အပိုဒ် (၂၄) မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အပိုဒ်ခွဲ (၁) တွင် ကလေးသူငယ်တိုင်း ငယ်ရွယ်မှုကြောင့်လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ မိသားစုလူ့အဖွဲ့အစည်းနှင့် နိုင်ငံပိုင်အစိုးရတို့ထံမှ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ အမျိုးသားရေး သို့မဟုတ် လူမှုရေးဇစ်မြစ်၊ ဥစ္စာ၊နေပိုင်ဆိုင်မှုအခြေအနေ၊ လူတန်းစား စသည့်မခွဲခြားဘဲ တန်းတူခံယူပိုင်ခွင့်ရှိသည်။

(ခ) အပိုဒ်ခွဲ(၂)တွင် ကလေးသူငယ်တိုင်းအား မွေးဖွားပြီးလျှင်ပြီးခြင်း မွေးစာရင်းတွင် မှတ်ပုံတင်ရမည်။ ကလေးသူငယ်တိုင်းအား အမည်ပေးရမည်။

(ဂ) အပိုဒ်ခွဲ(၃)တွင် ကလေးသူငယ်တိုင်း နိုင်ငံသားမှတ်ပုံတင် ရယူပိုင်ခွင့်ရှိသည်။[29]

[28] https://pyidaungsu.hluttaw.mm/second-laws

[29] https://www.ohchr.org/en/professionalinterest/pages/ccpr.aspx

**နိဂုံး**

၅၂။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် နိုင်ငံတကာစာချုပ်များနှင့် ကင်းကွာ၍မရနိုင်ပါ။ နိုင်ငံတကာစာချုပ်များ၏ သဘောသဘာဝ၊ ၎င်းတို့၏ဥပဒေပိုင်းဆိုင်ရာသက်ရောက်မှု (Legal Effect)၊ ဥပဒေအရစည်းနှောင်မှု(Legally Binding)စသည်တို့ကို သိရှိနားလည်ထားမှသာ မှန်မှန်ကန်ကန် အန္တရာယ်ကင်းကင်းဖြင့် အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပါသည်။ နောက်ထပ်အရေးကြီးသည့်အချက်မှာ စာချုပ်ချုပ်ဆိုခြင်းသည် စာချုပ်တွင်ပါဝင်သူများက မိမိတို့လိုက်နာရမည့် ဥပဒေတစ်ရပ်ကို မိမိတို့ကိုယ်တိုင်ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပြီး ယေဘုယျအားဖြင့် စာချုပ်ဝင်နိုင်ငံများ၏ ပြည်တွင်းဥပဒေများအပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက် လွှမ်းမိုးမှုလည်းရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတကာစာချုပ်များသည် ပါဝင်သူများအပေါ် ဥပဒေအရစည်းနှောင်မှုရှိသည် ဆိုသည့်အချက်ကို အထင်အရှားတွေ့ရှိနိုင်ပါသည်။ နိုင်ငံများအနေဖြင့် မိမိပါဝင်ချုပ်ဆိုလိုသည့် သဘောတူစာချုပ်များ၏ ဥပဒေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များကို နားလည်သဘောပေါက်ရန် လည်းလိုအပ်ပါသည်။ မိမိနိုင်ငံနှင့်မကိုက်ညီသည့်အချက်များကိုလည်း Reservation (ခြွင်းချက်) ပြုလုပ်ပြီး ချုပ်ဆိုသင့်သည်ဟူ၍လည်း လေ့လာတွေ့ရှိရပါသည်။

၅၃။ ICCPRစာချုပ်သည် လူသားများ၏အခြေခံရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝကာကွယ်ပေးထားသည့်စာချုပ်တစ်ခုဖြစ်သည်ကို ငြင်းပယ်၍မရနိုင်ပါ။ ထို့အတူ လူ့အခွင့်အရေးစာချုပ်တစ်ခု ဖြစ်သည်နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် ကဏ္ဍပေါင်းစုံနှင့် ပတ်သက်ဆက်နွယ်နေသည့်အတွက် နိုင်ငံ၏အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်တွင်းဥပဒေများအပေါ် စိန်ခေါ်မှုများလည်းရှိနိုင်ပါသည်။ ထို့ကြောင့် စာချုပ်ပါပြဋ္ဌာန်းချက်များကို အချိန်ယူလေ့လာ ဝေဖန်ဆန်းစစ်မှုများပြုလုပ်၍ မိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အချက်များကိုဖယ်ထုတ်ကာ စာချုပ်ချုပ်ဆိုနိုင်မည်ဆိုလျှင် နိုင်ငံတကာအလယ်တွင် လူ့အခွင့်အရေးကို အလေးထားသောနိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်မည်ဖြစ်ပါကြောင်း စုစည်းလေ့လာတင်ပြအပ်ပါသည်။

သုတေသနလုပ်ငန်းဆိုင်ရာစုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေး ဌာနကြီးအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသန၊ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး - အမျိုးသားလွှတ်တော်1G ဆောင်၊ဒုတိယထပ်

တယ်လီဖုန်း - ၀၆၇-၅၉၈၁၂၃၅၊၀၆၇-၅၉၈၁၆၆၄၊ဖက်စ်-၀၆၇-၅၉၈၁၃၈၀

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တစ်ပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟုသတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် (သို့မဟုတ်) ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် (သို့မဟုတ်) သတင်းအချက်အလက်များအား လိုအပ်ပါကအရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးသွားမည်ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

Email - rs.amyothhluttaw@gmail.com
research@amyotha.hluttaw.mm